*J. Myanmar Acad. Arts Sci. 2023* **Vol. XXI. No.4**

# ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့တေးထပ်ကဗျာများမှ စာဆို၏ ဖန်တီးမှုအတတ်ပညာ

အေးဝင်း [၁]

## စာတမ်းအကျဉ်း

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့တေးထပ်ကဗျာများမှ စာဆို၏ ဖန်တီးမှုအတတ်ပညာ စာတမ်းသည် စာဆိုဦးကြော့၏ စိတ်ကူးဉာဏ်ပိုင်း ဖန်တီးမှုအတတ်ပညာနှင့် ဖွဲ့နွဲ့ပုံပိုင်း ဖန်တီးမှုအတတ်ပညာ တို့ကို ဖော်ထုတ်လိုသော ရည်ရွယ်ချက်နှင့် လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်းကို စာပေနယ်ပယ်မှ လေ့လာထားခြင်းဖြစ်ပါသည်။ အလေ့လာခံစာအုပ်မှာ လှသမိန် စုဆောင်းတည်းဖြတ်သည့် ၁၉၆၂ ခုနှစ်ထုတ် ဆယ့်နှစ်ရာသီကဗျာပေါင်းချုပ် စာအုပ်ဖြစ်ပါသည်။ ဤစာတမ်းတွင် ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ကဗျာများသည် ဖန်တီးမှုအတတ်ပညာ ပေါ်၊ မပေါ် ဟူသော သုတေသနပြဿနာကို အဖြေရှာထားပါသည်။ လေ့လာအဖြေရှာချက်အရ ဦးကြော့သည် လရာသီတစ်ခုတစ်ခု၌ ကြယ်၊ တာရာ၊ နက္ခတ်၊ ရာသီ၊ ရာသီပန်း၊ ရာသီပွဲတော်၊ နေ့ ညအချိန် အပိုင်းအခြား၊ ဘုရင့်ဘုန်းတော်၊ တောတောင် ရေမြေ တိမ်မိုးလေတို့၏ သဘာဝတို့ကို ပေါ်အောင်ဖန်တီးနိုင်သည်ကို တွေ့ရပါသည်။ ထို့ပြင် လရာသီ၏ ထူးခြားချက်ကိုပါအောင် ထည့်သွင်းဖန်တီးထားပါသည်။ စကားသုံးဖန်တီးမှုတွင် စကားအနုအလှသုံး၊ စကားအခန့်သုံးတို့သည် တော်ဝင်နန်းထိုက်ပြီး အနက်အားကောင်းပါသည်။ စာဆို၏ စိတ်ကူးဉာဏ်ကို သရုပ်ဖော်သောအဖွဲ့တို့မှာ ပေါ်လွင်ပြီး ရသမြောက်သည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ကဗျာများသည် ဖန်တီးမှု အတတ်ပညာ အားကောင်းပါသည်။

**သော့ချက်ဝေါဟာရ** - ရာသီဖွဲ့၊ ဖန်တီးမှု၊ စကားသုံး၊ သရုပ်ဖော်အဖွဲ့၊ အလင်္ကာ

## ၁။ နိဒါန်း

မြန်မာစာပေတွင် စာဆိုအသီးသီးက ဆယ့်နှစ်ရာသီဖွဲ့ကဗျာများကို စိတ်ကူးဉာဏ်အမျိုးမျိုး၊ ဖွဲ့နွဲ့ပုံအဖုံဖုံဖြင့် ဖန်တီးခဲ့ကြပါသည်။ ထိုဆယ့်နှစ်ရာသီဖွဲ့ကဗျာများတွင် မင်းတုန်းမင်းမြတ်ထံသို့ ဖတ်ကြားလျှောက်ထားရန် ရည်ရွယ်ပြီး စိတ်တိုင်းကျဖန်တီးခဲ့သော ဦးကြော့၏ တေးထပ်များလည်း ပါဝင်ပါသည်။ ထိုစာဆို၏ ဆယ့်နှစ်ရာသီ ဖွဲ့တေးထပ်ကဗျာများမှ စာဆို၏ ဖန်တီးမှုအတတ်ပညာကို သုတေသနပြုရန် ရွေးချယ်ပါသည်။ ဤသုတေသန စာတမ်း၏ရည်ရွယ်ချက်မှာ ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ တေးထပ်ကဗျာများမှ စိတ်ကူးဉာဏ်ပိုင်းဖန်တီးမှု အတတ်ပညာနှင့်ဖွဲ့နွဲ့ပုံပိုင်း ဖန်တီးမှု အတတ်ပညာတို့ကို ဖော်ထုတ်လိုခြင်း ဖြစ်ပါသည်။ ဖော်ထုတ်ရာ၌ နက်ရှိုင်းစွာ လေ့လာနိုင်ရန်အတွက် မြန်မာစာပေ ကဗျာကဏ္ဍပါ တေးထပ်ကဗျာများမှ ဦးကြော့၏ တေးထပ်ရိုး ၁၄ ပုဒ်ကို သုတေသန နယ်ပယ်အဖြစ် ကန့်သတ်ပါသည်။ ဤစာတမ်းတွင် ဦးကြော့၏ ဖန်တီးမှု အတတ်ပညာကို အဓိကထား ဖြေရှင်းဆောင်ရွက်ရာ၌ သုတေသနမေးခွန်းများ အောက်ပါအတိုင်း ပေါ်လာပါသည်။

၁။ ဦးကြော့သည် မည်သို့သော စာဆိုမျိုးနည်း။

၂။ ဆယ့်နှစ်ရာသီဖွဲ့ကဗျာဟူသည် အဘယ်နည်း။

၃။ မြန်မာစာပေတွင် ဆယ့်နှစ်ရာသီဖွဲ့ကဗျာများ မည်မျှရှိသနည်း။

---

[၁] မြန်မာစာဌာန၊ မုံရွာတက္ကသိုလ်

၄။ ဦးကြော့၏ ဖန်တီးနိုင်စွမ်းအားသည် မည်သို့ရှိသနည်း။

ဤမေးခွန်းများအနက် ဦးကြော့၏အကြောင်း၊ ဆယ့်နှစ်ရာသီဖွဲ့ကဗျာ၏ အဓိပ္ပာယ်နှင့် ဆယ့်နှစ်ရာသီဖွဲ့ ကဗျာအရေအတွက်တို့ကို စာပေပညာရှင်များ၏ စာအုပ်စာတမ်းများမှ ရှာဖွေလေ့လာလျှင် အဖြေရမည်ဖြစ်ပါသည်။ ကျန်မေးခွန်းမှ 'ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ ကဗျာများသည် စာဆို၏ ဖန်တီးမှု အတတ်ပညာ ပေါ်၊ မပေါ်' ဟူသော ပြဿနာပေါ်ပေါက် လာပါသည်။

အဆိုပါ မေးခွန်းများနှင့်ပြဿနာကို အဖြေရှာဖော်ထုတ်နိုင်ရန်အတွက် မြန်မာစာပေ ပညာရှင်များ၏ ထုတ်ဝေထားသော စာအုပ်စာတမ်းများ၊ စာတမ်းရှင်၏ သုတေသနစာတမ်းဖတ်ပွဲ၊ မြန်မာစာပေ သင်ကြားမှု အတွေ့အကြုံများကို အခြေခံလျက် 'ဖြစ်ရပ်တစ်ခု မူတည်လေ့လာခြင်းနည်း'ကို အသုံးပြု၍ လေ့လာတင်ပြပါသည်။

## ၁၊ ၁။ ဦးကြော့၏ အတ္ထုပ္ပတ္တိအကျဉ်း

ဦးကြော့သည် ကောဇာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်ခန့်က တောင်တွင်းကြီးနယ် နတ်မောက်မြို့တွင် ဖွားမြင်ခဲ့ပါသည်။ ငယ်ရွယ်စဉ်ကပင် ကဗျာလင်္ကာကို ဝါသနာထုံသည့်အပြင် အသံသြဇာနှင့်ပြည့်စုံသည်။ ဦးကြော့အသက် ၂၀ ခန့် အရွယ်သို့ရောက်သော် အဘိုးတစ်ဝမ်းကွဲတော်စပ်သူ နန်းတွင်းသမားတော်ကြီး ဦးကျော်စံသည် နတ်မောက်သို့ ခေတ္တရောက်လာခိုက် မြေးဖြစ်သူ ဦးကြော့၏ ကဗျာဉာဏ်ထက်မြက်ပုံကို တွေ့ရှိသိမြင်ကာ ရွှေမြို့တော်သို့အပြန်တွင်ခေါ်သွားသည်။

အဘိုးဦးကျော်စံက မင်းတုန်းမင်းထံ မြေးဖြစ်သူဦးကြော့၏ အရည်အချင်းကို လျှောက်ကြား ဆက်သပါသည်။ မင်းတုန်းမင်းက ရွှေတိုက်ဝန်ကြီးထံအပ်နှံ၍ ကဗျာပညာကို သင်ယူစေပြီးနောက် စာတော်ဖတ်အရာ ချီးမြှောက်တော်မူသည်။ **"ငယ်စဉ်ကတည်းက နှစ်သက်သီဆိုလေ့ရှိခဲ့သော မဟာအတုလမင်းကြီး ရေးသားစီကုံး အပ်သည် ၁၂ ရာသီ လူးတားနှင့်တကွ အခြားရာသီဘွဲ့ကဗျာများကို မှီငြမ်းပြုပြီးနောက် 'ပရဝတိ သုခ၊ အတုလ ပရမေ' ပဏာမတေးထပ်ဖြင့် အစချီ၍ နိဂုံးတေးထပ်နှင့်ပါ ၁၂ ရာသီဘွဲ့တေးထပ်ပေါင်း တစ်ဆယ့်လေးပုဒ် စီကုံးရေးသားသည်။"** (ဘသောင်း၊ ၂၀၀၂၊ ၂၆၈) ရေးသားပြီးလျှင် ကျီဝန်တိုက်ဆရာတော် အစ်ကို ဦးဝိစယနှင့် ရွှေတိုက်ဝန်ကြီးတို့အားပြရာ နှစ်ခြိုက် အားပေးကြသည်။ တစ်နေ့တွင် မင်းတုန်းမင်းကြီးထံ စာတော်ဖတ်ပီပီ ဌာန်၊ ကရိုဏ်းကျနစွာ ကိုယ်တိုင် ဖတ်ကြားလျှောက်ထားရာ မင်းတရားကြီး နှစ်ခြိုက်၍ ဆုလာဘ်များစွာ သနားချီးမြှင့် တော်မူပါသည်။

ဦးကြော့သည် ထိုစဉ်အခါက မန္တလေးရွှေမြို့တော်တွင် လင်ပျောက်၊ မယားပျောက် ရှာပုံတော်ကြီးများ ခေတ်စား၍နေလေရာ ရှာတော်ပုံကြီးတစ်ပုဒ်ကို ရေးသားဆက်သွင်း ဖတ်လျှောက်ရန် အကြံပေါက်လာခဲ့သည်။ ရေးသားပြီးလျှင် ဦးဝိစယနှင့် ရွှေတိုက်ဝန်ကြီးတို့အား ပြသပြင်ဆင်စေပြီးလျှင် ကျေနပ်ခွင့်ပြုသောအခါ ဘဝရှင်မင်းတရားကြီးထံ ကိုယ်တိုင်ဖတ်ကြား လျှောက်ထားပါသည်။ အထူး ကြည်နူးနှစ်ခြိုက်ရကား ၁၂ ရာသီတေးထပ် ရေးသည်ထက်တိုး၍ ဆုလာဘ်များစွာ ချီးမြှင့်တော်မူပါသည်။

စာတော်ဖတ်ဦးကြော့၊ စာရေးတော်ကြီးဦးကြော့၊ တောင်တွင်းကြီးဦးကြော့၊ စုံနံ့သာမြိုင်ဦးကြော့ဟု အမည်အမျိုးမျိုး အသိအမှတ်ပြုခံရသော ဦးကြော့သည်ကား ၁၂၄၇ ခုနှစ် အရှင်နှစ်ပါးပါတော်မူပြီးနောက်မှ ကွယ်လွန်ကြောင်း သိရှိရပါသည်။

**၁၊ ၂။ ဆယ့်နှစ်ရာသီကဗျာ၏ သဘောသဘာဝ**

စာဆိုများသည် မိမိတို့ကျင်လည်ရာ သတ္တလောက၊ ဩကာသလောကကို စိတ်ဝင်စားကြသူများဖြစ်ပါသည်။ မိမိတို့စိတ်ဝင်စား မြင်သိခံစားရသမျှကို အဆီအနှစ်ထုတ်၍ ရသစာပေအဖြစ် ဖန်တီးခဲ့ကြသည်။ ထိုရသစာပေများတွင် ဆယ့်နှစ်ရာသီဖွဲ့ကဗျာများ ပါဝင်သည်။ ဆယ့်နှစ်ရာသီဖွဲ့ ကဗျာ၏ အဓိပ္ပာယ်ကို ဦးယာ၏ ဆယ့်နှစ်ရာသီ ဖွဲ့ လူးတားစာအုပ်နိဒါန်း၌ ဦးချမ်းမြက

> တစ်ဆယ့်နှစ်ရာသီဖွဲ့ကို ကဗျာဆိုသည်မှာ တစ်နှစ်တွင် ရာသီမာသ ၁၂ လ ရှိသည့် အလျောက် မိဿရာသီမှစ၍ မိန်ရာသီအထိ ရာသီအသီးသီးတို့၏ အခြေအနေ အကြောင်းအရာများကို တစ်ရာသီစီ ပိုင်းခြားဖွဲ့ဆိုအပ်သောကဗျာပင် ဖြစ်လေသည်။
>
> (ချမ်းမြ၊ ၂၀၁၆၊ င)

ဟု ဖွင့်ဆိုထားပါသည်။ ထို့ကြောင့်ဆယ့်နှစ်ရာသီဖွဲ့ကဗျာဆိုသည်မှာ နှစ်သစ်အစတန်ခူးလမှ တပေါင်းလအထိ တစ်လချင်းစီ၏ အခြေအနေ၊ အကြောင်းအရာများကို ပိုင်းခြားဖွဲ့ဆိုသော ကဗျာဖြစ်ပါသည်။

ဆယ့်နှစ်ရာသီဖွဲ့ကဗျာများတွင် ပါဝင်လေ့ရှိသော အကြောင်းချင်းရာများနှင့် စပ်လျဉ်း၍ ဒဂုန်နတ်ရှင်၏ စာပေဝတ်ဆံ စာအုပ်၌

> ၁၂ ရာသီကို ဖွဲ့ဆိုရာ၌ ပါဝင်ရမည့် အချက်အလက်တို့မှာ (၁) ကောင်းကင်အမြင် နက္ခတ်များ၊ (၂) ၁၂လ ဥတုရတုများ၊ (၃) ၁၂လ ပွင့်သောပန်းများ၊ (၄) ၁၂လ ပွဲတော်များ၊ (၅) ၁၂လ မြူးကြသော ငှက်တိရိစ္ဆာန် လိပ်ငါးပုစွန်များ၊ (၆) မိုးလေဝသ အကြောင်းများ၊ (၇) လွမ်းဖွယ် ကြည်နူးသာယာဖွယ် အကြောင်းခြင်းတများ စသည်တို့မှာ ၁၂ရာသီဖွဲ့ တေးဂီတကဗျာများ၌ ပါဝင်ရမြဲဖြစ်ပါသည်။
>
> (ဒဂုန်နတ်ရှင်၊ ၂၀၁၁၊ ၁၅၈)

ဟုဖော်ပြထားပါသည်။ ဆယ့်နှစ်ရာသီဖွဲ့ကဗျာများတွင် အထက်ပါအကြောင်းခြင်းတတို့အပြင် နန်းဓလေ့၊ လူမှုဓလေ့များလည်း ပါဝင်တတ်ပါသည်။

မြန်မာစာပေတွင် ၁၂လအပြည့်အစုံဖွဲ့ဆိုသော ဆယ့်နှစ်ရာသီဖွဲ့ကဗျာ ၃၃ ပုဒ် တွေ့ရပါသည်။ ထိုကဗျာ များအနက် ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့တေးထပ်တို့သည်လည်း ဆယ့်နှစ်ရာသီဖွဲ့ကဗျာများ၏ သဘောသဘာဝ များ ပါဝင်သည်ကို တွေ့ရပါသည်။

## ၂။ စာပေလေ့လာဆန်းစစ်ချက်

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့တေးထပ်ကဗျာများမှ စာဆို၏ ဖန်တီးမှုအတတ်ပညာ စာတမ်းကို ပြုစုရန်အတွက် ဆယ့်နှစ်ရာသီဖွဲ့ကဗျာများနှင့်စပ်လျဉ်းသော စာအုပ်များကို ရှာဖွေဖတ်ရှုပါသည်။ ထိုစာအုပ်များမှ ဤစာတမ်းအတွက် အထောက်အကူပြုသော စာအုပ်တချို့ကို ဖော်ပြထားသည်။

ဒဂုန်နတ်ရှင်၏ စာပေဝတ်ဆံစာအုပ်(၂၀၁၁ ခုနှစ်ထုတ်)သည် စာပေဝတ်ဆံ ၁ မှ ၈ အထိ တပေါင်းတည်း စု၍ထုတ်ထားသော စာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်၏ စာပေဝတ်ဆံ-၅ တွင် မြန်မာ့ ဆယ့်နှစ်ရာသီ အကြောင်းအချက်များအနက် ရာသီပွဲတော်များ၏ အကြောင်းကို သမိုင်းကြောင်း နှင့်ချီ၍ ဖော်ပြထားပါသည်။ ထိုအကြောင်းကိုဖော်ပြရာ၌ မဟာအတုလမင်းကြီး၏ ဆယ့်နှစ်ရာသီဖွဲ့ လွမ်းချင်း များကို မဏ္ဍိုင်ထားလျက် တစ်ခြားသောဆယ့်နှစ်ရာသီဖွဲ့ကဗျာတို့မှာ ကောင်းနိုးရာ ရွေးချယ် ကိုးကား ပြထားပါသည်။ ဒဂုန်နတ်ရှင်၏ စာပေဝတ်ဆံ-၅ သည်ရာသီပွဲနှင့် စပ်လျဉ်းသော မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများကို သိရှိခဲ့ရပါသည်။ ဤစာတမ်း၏ ရာသီပွဲနှင့်စပ်လျဉ်းသော အချက်အလက်များကို အနက်ဖွင့်ရန် အထောက်အကူပြုသော စာအုပ်ဖြစ်ပါသည်။

မင်းသုဝဏ်၏ အာကာတခွင်မြေပြင်တဝန်းစာအုပ်(၁၉၇၄ ခုနှစ်ထုတ်)သည် ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံသုတေသန ဆွေးနွေးပွဲ၌ဖတ်ကြားခဲ့သော 'ကုန်းဘောင်ခေတ် မြန်မာ့နက္ခတ်ပညာ တစေ့ တစောင်းလေ့လာချက်' စာတမ်းအပါအဝင် ဂြိုဟ်၊ တာရာ၊ နက္ခတ်နှင့် ဆယ့်နှစ်ရာသီဖွဲ့ဆောင်းပါးများကို စုစည်းထားခြင်း ဖြစ်ပါသည်။ ကုန်းဘောင်ခေတ် မြန်မာ့နက္ခတ်ပညာ တစေ့တစောင်း လေ့လာချက် စာတမ်းတွင် ဂြိုဟ်၊ နက္ခတ်၊ တာရာတို့သည် အချိန်ကာလ၊ အရပ်မျက်နှာ၊ ကံကြမ္မာကို ပြညွှန်ပေးသည် ဟု ယုံကြည်ကြပုံ၊ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား လက်ထက်တွင် ဂြိုဟ်၊ နက္ခတ်၊ တာရာတို့၏ အကြောင်းကို တိတိကျကျသိနိုင်ရန် အိန္ဒိယမှဗေဒင်နက္ခတ်ပညာရှင်များခေါ်ယူခဲ့ပုံ၊ ဥရောပတိုက်သား များထံမှ သင်ယူခဲ့ကြပုံ၊ နက္ခတ်ကြည့် တယ်လီစကုတ်မှန်ပြောင်းဝယ်၍ နက္ခတ်ကြည့်ရှုခဲ့ကြပုံ စသည် တို့ကို တွေ့ရသည်။ ဂြိုဟ်၊ တာရာ၊ နက္ခတ်တို့အကြောင်းတွင် ကြယ်စုပြရုပ်ပုံများဖြင့်ပြထား ပါသည်။ တန်ခူးလမှ တပေါင်းလထိ ရာသီသဘာဝတို့ကိုပျို့များ၊ ရာသီဖွဲ့ကဗျာများ၊ ကောက်စိုက်တေးများမှ ထုတ်၍ပြထားပါသည်။ ဆယ့်နှစ်ရာသီသဘာဝတို့ကို ဖော်ပြရာတွင် အနက်အကျယ် ဖွင့်ဆိုရန်လိုသော စကားလုံးများကို ဆိုင်ရာနေရာ၌ တစ်ခါတည်းဖွင့်ဆိုပြထားပါသည်။ ထိုစာအုပ်သည် ဖတ်ရှုသူများ အတွက် အသိအမြင်တိုး၍ လက်တွေ့ဘဝအတွက် အသုံးဝင်သည့် ရေးသားဖော်ပြချက်များ ဖြစ်ပါသည်။ ထိုစာအုပ်သည် ဤစာတမ်းအတွက်ကဗျာပါ အချက်အလက်များကို အနက်ကောက်ရာတွင် မှန်ကန်မှု ရှိရန် များစွာအထောက်အကူ ဖြစ်ပါသည်။

မောင်ထင်၏ မြန်မာဆယ့်နှစ်လအကြောင်း စာအုပ်(၂၀၀၅ ခုနှစ်ထုတ်)တွင် နေ၊ လ၊ နက္ခတ်၊ တာရာတို့၏ အသွားအလာကိုစွဲ၍ ရက်၊ လ၊ နှစ်တို့ သတ်မှတ်ပုံ၊ မြန်မာတို့ နေ့၊ ည၊ ရက် တွက်ချက်ပုံ၊ လအလိုက် နေ့၊ ည နာရီအပိုင်းအခြားသတ်မှတ်ပုံ၊ လအလိုက်နေထွက်ချိန်၊ နေဝင်ချိန်တို့ကို ဖော်ပြထား ပါသည်။ ထို့ပြင် လမင်းနှင့် ယှဉ်၍ နက္ခတ်ထွန်းလင်းပုံ၊ နက္ခတ် ၂၇ လုံးရှိပုံ၊ တစ်လတွင် နက္ခတ် ၂ လုံး ၁ပါဒ် ရာသီအလိုက်ပွင့်သော ပန်းအမည်များနှင့် ထိုပန်းပင်တို့၏ သွင်ပြင်လက္ခဏာ၊ ရာသီပွဲတော်များနှင့်

ရာသီပွဲသမိုင်းကြောင်းများ၊ ရာသီဖွဲ့ စာဆိုများကို ဖော်ပြထားပါသည်။ ထိုစာအုပ် သည် ဆယ့်နှစ်ရာသီဆိုင်ရာ ဗဟုသုတများစွာရရှိပါသည်။ ဤစာတမ်း၏ အကြောင်းအရာပိုင်း အချက်အလက်များကို စိစစ်ရာ၌ တိုက်ရိုက်အထောက်အကူပြုသော စာအုပ်ဖြစ်ပါသည်။

## ၃။ နည်းနာ

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ တေးထပ်ကဗျာများမှ စာဆို၏ ဖန်တီးမှုအတတ်ပညာကို လေ့လာရာတွင် သုတေသနအချက်အလက်များ တိကျခိုင်မာစေရန် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာတို့ကို အသုံးပြု၍ လေ့လာထားပါသည်။

## ၃၊ ၁။ ပညာရပ်ဆိုင်ရာနည်းနာ

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ တေးထပ်ကဗျာများမှ စာဆို၏ ဖန်တီးမှုအတတ်ပညာကို စာပေနယ်ပယ်မှ လေ့လာထားပါသည်။ လေ့လာမှုနက်ရှိုင်းစေရန် မြန်မာစာ၊ ကဗျာကဏ္ဍရှိတေးထပ်များအနက် ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့တစ်စုံစာ တေးထပ်ရိုး ၁၄ ပုဒ်ကို စာပေနယ်ပယ်မှ လေ့လာရန်နယ်ပယ်ကန့်သတ်ထားပါသည်။ ထိုတေးထပ်ရိုးများမှ စာဆို၏ဖန်တီးမှု အတတ်ပညာကို ဖော်ထုတ်နိုင်ရန်အတွက် ဖန်တီးမှုအတတ်ပညာနှင့် စပ်လျဉ်းသော ပညာရှင်တို့၏ ဖွင့်ဆိုယူဆချက်များကို အခြေခံလျက် ပညာရပ်ဆိုင်ရာနည်းနာ ထုတ်ယူပါသည်။

## ၃၊ ၁၊ ၁။ ဖန်တီးမှု အတတ်ပညာ

ရသစာပေသည် စိတ်ကိစ္စ ဖြစ်ပါသည်။ ထိုစိတ်ကိစ္စကို စာဆိုက စနစ်တကျ စီမံပြုလုပ်ထားခြင်းဖြစ်သည်။ စနစ်တကျလုပ်ဆောင်ချက်သည် အတတ်ပညာသဘော သက်ဝင်ပါသည်။ စီမံလုပ်ဆောင်ချက်သည် ဖန်တီးမှုသဘောသက်ဝင်သည်။ ထို့ကြောင့် စနစ်တကျစီမံပြုလုပ်ချက်ကို ဖန်တီးမှုအတတ်ပညာဟု ခေါ်ဆိုနိုင်ပါသည်။

ဖန်တီးမှုအတတ်ပညာပါသော ရသစာပေ၏သဘောကို ဆရာဇော်ဂျီ၏ ရသစာပေ အဖွင့်နှင့်နိဒါန်း စာအုပ်၌ **"ဖန်ပြာခွက်နှင့် ကျောက်စက်ရေသည် ကဗျာ့သဘောနှင့်တူသည်။"** (ဇော်ဂျီ၊ ၂၀၀၄၊ ၂၆၅) **"ကျောက်စက်ရေသည် စိတ်ကူးဉာဏ်နှင့်တူ၍ ဖန်ပြာခွက်သည် ဖွဲ့နွဲ့ပုံနှင့် တူသည်ဟုဆိုချင်ပါသည်။"** (ဇော်ဂျီ၊ ၂၀၀၄၊ ၂၆၅)ဟု မိန့်ဆိုထားပါသည်။ ထို့ကြောင့် ရသစာပေသည် စိတ်ကူးဉာဏ်နှင့် ဖွဲ့နွဲ့ပုံကို တစ်သားတည်း ပေါင်းစပ်ထားသော အနုပညာပစ္စည်း ဖြစ်ပါသည်။

ထိုစိတ်ကူးဉာဏ်၏ သဘောကို ဆရာဇော်ဂျီ၏ ရသစာပေအဖွင့်နှင့် နိဒါန်း စာအုပ်၌

> "ရသစာပေဆိုင်ရာ စိတ်ကူးဉာဏ်ဆိုသည်မှာ တောရောက်၊ တောင်ရောက် လွင့်တတ်သော စိတ်ကူးမျိုးမဟုတ်။ ဘဝအတွေ့အကြုံ၊ စိတ်ခံစားလှုပ်ရှားမှု၊ ဘဝသတိဘဝအသိတည်းဟူသော အထိန်းအမဖြင့် လှုပ်ရှားတတ်သော ဉာဏ်မျိုးသာ ဖြစ်သည်ဟု

> ယူဆအပ်ပါသည်။ အထိန်းအမကောင်းလျှင် ကောင်းသလောက် စိတ်ကူး ဉာဏ် ထက်မြက်နိုင်သည်ဟု ထင်ပါသည်။ "(ဇော်ဂျီ၊ ၂၀၀၄၊ ၂၇၀)

ဟု မိန့်ဆိုထားပါသည်။ ထိုစကားအရ စိတ်ကူးဉာဏ်သည် အထိန်းအမဖြင့် လှုပ်ရှားတတ်သော ဉာဏ် ဖြစ်ပါသည်။

ရသစာပေတွင် ဖွဲ့နွဲ့ပုံ၏ သဘောကို ရသစာပေအဖွင့်နှင့် နိဒါန်း စာအုပ်၌ ဆရာဇော်ဂျီက

> ဖွဲ့နွဲ့သည်ဆိုခြင်းသည် အပြောဖြင့်သော်လည်းကောင်း၊ အရေးဖြင့်သော်လည်းကောင်း ကိုယ့်စိတ်ရှိသောသဘောကို သူ့နား၊ သူ့စိတ်သို့ ရောက်အောင်ပို့ခြင်းဖြစ်ပါသည်။ ထိုအခါစကားသည် စာရေးဆရာ၏ တန်ဆာပလာဖြစ်သဖြင့် ထိုတန်ဆာပလာတို့ကို အသုံးပြုတတ်ရေး အတွက် (၁)အနက်ကိုမှန်အောင် ဖော်ပြဖို့ကိစ္စတွင် သဒ္ဒါနည်းဟူ၍ ရှိသည်။ ဝါကျဖွဲ့နည်းဟူ၍ ရှိသည်။ ကဗျာအတွက်ဖြစ်လျှင် ကဗျာစပ်နည်းဟူ၍ရှိသည်။ (၂)အနက်ကို ပြေပြစ်အောင် ဖော်နိုင်ဖို့ကိစ္စတွင် ဒေါသဟူ၍ ရှိသည်။ ဂုဏ်ဟူ၍ရှိသည်။ ယေဘုယျအားဖြင့် သဒ္ဒါလင်္ကာရ၌ အကျုံးဝင်သည်။ (၃)အနက်ဆန်းကြယ်အောင် ဖော်နိုင်ဖို့ကိစ္စတွင် ဥပမာအလင်္ကာ၊ ရူပကအလင်္ကာစသော အတ္ထာလင်္ကာရတို့ ရှိကြ သည်။ (ဇော်ဂျီ၊ ၂၀၀၄၊ ၂၇၀)

ဟု ရှင်းလင်းပြဆိုထားပါသည်။ ထိုရှင်းချက်အရ ဖွဲ့နွဲ့ပုံသည် သဒ္ဒါနည်း၊ သဒ္ဒါလင်္ကာရနည်း၊ အတ္ထလင်္ကာရ နည်းတို့ကို စနစ်တကျ စီမံလုပ်ဆောင်ချက် ဖြစ်ပါသည်။

ရသစာပေတစ်ရပ်ကို လေ့လာမည်ဆိုပါက ထိုရသစာပေမှ စိတ်ကူးဉာဏ်ပိုင်း ဖန်တီးမှု အတတ် ပညာနှင့် ဖွဲ့နွဲ့ပုံပိုင်း ဖန်တီးမှုအတတ်ပညာကို လေ့လာရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ တေးထပ်ကဗျာများကို လေ့လာသောအခါတွင် စာဆို၏စိတ်ကူးဉာဏ်ပိုင်း ဖန်တီးမှု အတတ်ပညာနှင့် ဖွဲ့နွဲ့ပုံပိုင်း ဖန်တီးမှုအတတ်ပညာကို ဖော်ထုတ်ထားပါသည်။

## ၃၊ ၂။ သုတေသနနည်းနာ

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ တေးထပ်ကဗျာများမှ စာဆို၏ ဖန်တီးမှုအတတ်ပညာ စာတမ်းသည် အတွေးသစ်အမြင်သစ်ရရန်၊ အသိပညာတိုးပွားရန် လုပ်ဆောင်သည့် အခြေခံသုတေသန အမျိုးအစားဖြစ်ပါသည်။ ဤစာတမ်းတွင် အသုံးပြုထားသော သုတေသနနည်းနာမှာ ဆန်းစစ်လေ့လာ နည်း၏ နည်းခွဲဖြစ်သော ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်းကို သုံးထားပါသည်။ အချက်အလက် ကောက်ယူ စုဆောင်းနည်းမှာမူ ရှိပြီးအချက်အလက်များအပေါ် အခြေပြုလေ့လာခြင်းနည်း၊ ဖြစ်ရပ်တစ်ခုတည်း လေ့လာခြင်းနည်းတို့ ဖြစ်ပါသည်။

အဆိုပါ နည်းစနစ်များကို အသုံးချ၍ ဦးကြော့၏ တေးထပ် ၁၄ ပုဒ်မှ စကားသုံး၊ သရုပ်ဖော်အဖွဲ့၊ အလင်္ကာ မြောက်အဖွဲ့တို့ကို ကတ်တင်ခြင်း၊ အနက်ဖွင့်ဆို ရှင်းလင်းခြင်း၊ အမျိုးအစား ခွဲခြားခြင်းတို့ လုပ်ဆောင်ပါသည်။ ထို့နောက် အမျိုးအစားတူများကို ရှေ့နောက်ချိတ်ဆက်လျက် စာဆို၏ဖန်တီးမှု အတတ်ပညာပေါ်အောင် သုံးသပ် တင်ပြထားပါသည်။

## ၄။ ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ တေးထပ်ကဗျာများမှ စာဆို၏ ဖန်တီးမှုအတတ်ပညာ

ဦးကြော့သည် ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းခဲ့သော စာဆိုတစ်ဦး ဖြစ်ပါသည်။ ဤစာဆိုသည် ဆယ့်နှစ်ရာသီ၏အကြောင်းကို တေးထပ်ကဗျာ ၁၄ ပုဒ် ဖွဲ့ဆိုဖန်ခဲ့ပါသည်။ ထိုတေးထပ် ၁၄ ပုဒ်၏ စိတ်ကူးဉာဏ်ပိုင်း ဖန်တီးမှုအတတ်ပညာ၊ ဖွဲ့နွဲ့ပုံပိုင်း ဖန်တီးမှုအတတ်ပညာတို့ကို ပိုင်းကန့်၍ တင်ပြထားပါသည်။

### ၄၊ ၁။ စိတ်ကူးဉာဏ်ပိုင်း ဖန်တီးမှုအတတ်ပညာ

ရသစာပေတွင် စိတ်ကူးဉာဏ်သည် ကျောက်စက်ရေနှင့် တူပါသည်။ "**ကျောက်စက်ရေ ဆိုသည်မှာ ကျောက်ရေစစ်၌ ရှိးရှိးရေကိုလောင်းထည့်သဖြင့် ထိုရှိးရှိးရေသည် ကျောက်သား၌ တဖြည်းဖြည်း စိမ့်ဝင်၍ တစ်ဖက်မှတစ်စက်စက် ယိုစီးလာသော ရေပင်ဖြစ်သည်။**"(ဇော်ဂျီ၊ ၂၀၀၄၊ ၂၆၅)ဟု ဆိုခဲ့သည့်အတိုင်း စိတ်ကူးဉာဏ်သည် ကဗျာ၏အကြောင်းအရာတွင် ထင်ဟပ်နေသော ဉာဏ်ဖြစ်ပါသည်။ ဦးကြော့၏စိတ်ကူးဉာဏ်ပိုင်း ဖန်တီးမှုအတတ်ပညာကို လေ့လာခြင်းသည် ထိုစာဆို၏ ကဗျာပါ အကြောင်းအရာများတွင် ထင်ဟပ်နေသောဉာဏ်ကို လေ့လာခြင်းဖြစ်သည်။ ထိုသို့လေ့လာရာတွင် စာဆို၏ ဆယ့်နှစ်ရာသီဖွဲ့ အချီးတေးထပ်မှစ၍ နိဂုံးတေးထပ်အထိ ၁၄ ပုဒ်ကို အစဉ်အတိုင်း လေ့လာတင်ပြထားပါသည်။

အချီးဖွဲ့တေးထပ်၌ အလွန်မြတ်သော တင့်တယ်သော တံခွန်ဖြစ်သော တူသူမရှိသော နေမျိုးနွယ်ဖြစ်သော ရောင်ခြည်တော်ကွန့်မြူးသော ဘုရားရှင်၏တစ်ရှူ့ရှစ်ကွက်ရှိသော ခြေတော်စုံကို ဆံကေသာဖြင့်ထိကာ ဦးနှိမ်မာန်လျှော့၍ရှိခိုးပါ၏။ ကိလေသာမှ လွတ်မြောက်နိုင်သော မြတ်သောတရားဓမ္မကို နည်းလမ်းမှန်စွာ ရှိးကျိုးကန်တော့ပါ၏။ အရိယာသံဃာတော်မြတ်တို့အား ယုံကြည်အားကိုးလျက်ကန်တော့ပါ၏။ စာပေကိုစောင့်ရှောက်သည်ဟု ဆိုရိုးအစဉ်လာရှိသော သူရဿတီနတ်သမီးက စာဖွဲ့ဆိုမည့် အကျွန်ုပ်အား စောင့်ရှောက် သနားပါရန် တောင်းပန်ပါ၏။ လျှပ်စီးလက်သကဲ့သို့ အရောင်များကြွားကြွားဝံ့ဝံ့ထွက်နေသည့် အရည်အသွေးကောင်းသော ပတ္တမြားကိုမျက်စိရှေ့တွင် ချပြသကဲ့သို့မင်္ဂလာရှိအောင် တန်ဆာဆင်မည့်၊ ကောင်းချီးသြဘာပေးကြမည့် ဆယ့်နှစ်ရာသီကဗျာများကို စီကုံးပါမည်ဟု ဖော်ညွှန်းထားပါသည်။

ဤအချီးဖွဲ့ကို ထည့်သွင်းဖွဲ့ဆိုခြင်းသည် အခြားသော ဆယ့်နှစ်ရာသီဖွဲ့စာဆိုများနှင့် မတူသော စိတ်ကူးဉာဏ်၊ ဘုရားရှင်ကို အကြွင်းမဲ့ ယုံကြည်ကြောင်းပြသော စိတ်ကူးဉာဏ်ကို တွေ့ရပါသည်။ ထို့ကြောင့် စာဆို၏စိတ်ကူးဉာဏ်သည် ယုံကြည်ချက်၊ ခံစားချက်နှင့် ဆန္ဒကိုပေါ်အောင်ဖန်တီးနိုင်သည်ကို တွေ့ရပါသည်။

တန်ခူးလဖွဲ့တေးထပ်၌ တန်ခူးလတွင် ပိတောက်ပန်း၊ ရင်ခတ်ပန်း၊ ကံ့ကော်ပန်းတို့ ဖူးပွင့်ကြသည်။ နွေရာသီရောက်လာ၍ မင်းလွင်မြူမှုန်တို့ အထက်သို့ ကြွနေ၊ တက်နေ ကြပါသည်။ ရာသီမှာ နွေဂိမှာန်ဖြစ်ပြီး လမင်းနှင့်ယှဉ်၍ စိတြကြယ် ထွန်းလင်းပါသည်။ တာရာအမည်မှာ ဆံကျင်တာရာ ဖြစ်ပါသည်။ တန်ခူးလသည် နေ့နှင့်ညအချိန်အပိုင်းအခြား နာရီ ၃၀ စီ အညီအမျှရှိသည်။ တစ်နာရီ

အချိန်ပြည့်လျှင် နာရီမောင်းတစ်ကြိမ်တီးပြီး ပါဒ်၊ နာရီ သတ်မှတ်ချိန်ပြည့်လျှင် ပဟိုရ်စည်တီးပါသည်။ တန်ခူးလတွင် နှစ်သစ်ကူးသကြ်န်ပွဲ ကျင်းပသည်။ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ရေသွန်းရေလောင်း ခံယူတော်မူသည်ဟု ဖွဲ့သီထားပါသည်။

ဤကဗျာ၌ တန်ခူးလ၏ ရာသီသဘာဝတို့မှ ကြယ်၊ တာရာ၊ နက္ခတ်၊ ရာသီပန်း၊ ရာသီပွဲ၊ နေ့နှင့်ညအချိန်၊ ဘုရင်မင်းမြတ်၏ လုပ်ဆောင်ချက်၊ နာရီမောင်းသံ၊ ပဟိုရ်စည်သံတို့ကို ထည့်သွင်း ဖန်တီးထားသည်ကို တွေ့ရပါသည်။

ကဆုန်လဖွဲ့၌ လမင်းနှင့်ယှဉ်၍ ဝိသာခါကြယ် ထွန်းလင်းပုံ၊ ရာသီမှာ ပြိဿရာသီဖြစ်ပုံ၊ ရွှေနန်းတော်၏ နေရာတိုင်းတွင် မိတ်ကလျာ မစုံသောလဖြစ်ပုံ၊ တံငါတာရာ ထွန်းလင်းပုံနှင့် အထက် ကောင်းကင်ယံ၌ လျှပ်စီးများ အရောင်တဖိတ်ဖိတ်ဖြင့် ထပ်ကာထပ်ကာ လင်းလက်နေပြီး မိုးသီးများ ရွာချလေ့ရှိပုံတို့ကို ဖွဲ့ဆိုထားပါသည်။ ထို့ပြင် မန်းတောင်အနီး အောင်မြေဖြစ်သော ရွှေနန်းတော်တွင် ညောင်ရေသွန်းပွဲတော် ကျင်းပမြဲဖြစ်ပုံ၊ စကားဝါ ပန်းနှင့် ခရားပန်းတို့ ဖူးပွင့်ပုံ၊ ညအချိန် အပိုင်းအခြားမှာ ၂၈ နာရီရှိပုံ၊ အချိန်နာရီပြသော ပဟိုရ်စည်တော်၏ အသံမှာ အေးငြိမ့်လှပုံ၊ ကဆုန်လသည် လရာသီ အားလုံးအနက် အမြတ်ဆုံး အသာဆုံးဖြစ်ပုံတို့ကို ညွှန်းဆိုထားပါသည်။

ဤကဗျာ၌ ကဆုန်လ၏ ရာသီသဘာဝများမှ ကြယ်၊ တာရာ၊ နက္ခတ်၊ ရာသီ၊ ရာသီပန်း၊ ရာသီပွဲ၊ နေ့နှင့်ညအချိန်၊ ရွှေနန်းတော်က အလွမ်းခံစားချက်၊ နာရီမောင်းသံ၊ ပဟိုရ်စည်သံ၊ အမြတ်ဆုံးလ ရာသီဖြစ်ပုံတို့ကို ရွေးချယ်ဖန်တီးထားသည်ကို တွေ့ရပါသည်။ ဤဖန်တီးမှု၌ ရွှေနန်းတော်ပေါ်တွင် စိတ်ကျက်စားနေသော စာဆို၏ စိတ်ကူးဉာဏ်များ ပေါ်လွင်နေပါသည်။

နယုန်လဖွဲ့တေးထပ်တွင် ရာသီအမည်မှာ မေထုန်ရာသီဖြစ်ပုံ၊ ငွေစန္ဒာကို မိုးတိမ် မှုန်ပြာပြာတို့က ရစ်ဖုံးနေပုံ၊ မိုးထစ်ချုန်းသံနှင့် မိုးတိမ်တို့၏ ရွေ့လျားဟန်သည် ထက်စည်တီးသံနှင့် ကချေသည်တို့ ကခုန်သီဆိုဟန်ကဲ့သို့ ပတ်ဝန်းကျင်တစ်ခွင်လုံး ကြားနေ၊ မြင်နေရပုံ၊ ထို့ကြောင့် အလွမ်းဓာတ်ခံ ရှိသူများမှာ ဖြေမဆည်နိုင်ပုံ၊ လမင်းနှင့်ယှဉ်၍ ထွန်းလင်းလေ့ရှိသော ဇေဋ္ဌကြယ်သည် မိုးတိမ်များကြောင့် ရောင်ဝါမလင်းနိုင်ပုံ၊ နယ်တစ်ခွင်လုံးကို တန်ဆာဆင်ဝန်းရံနေသော မြတ်လေးဖြူပန်းနှင့် စံပယ်ပန်းတို့၏ ရနံ့များမှာ အရပ်ဆယ်မျက်နှာ မွှေးပျံ့နေပုံတို့ကို ဖွဲ့ဆိုထားပါသည်။ ထိုနယုန်လတွင် ညနာရီ အပိုင်းအခြား ၂၆ နာရီရှိပုံ၊ ဘုရင်မင်းမြတ် စံမြန်းတော်မူရာ ရွှေနန်းတော်ဆီမှ အချိန်နာရီကိုပြညွှန်သော နာရီမောင်းသံ၊ ပဟိုရ်စည်တော်သံတို့သည် လွမ်းလု နီးနီးဖြစ်ရပုံ၊ ရွှေနန်းရှင်သည် လယ်ထွန်မင်္ဂလာပွဲကို ခမ်းခမ်းနားနားကျင်းပပုံ၊ သုဓမ္မာ ဇရပ်တွင် စာမေးပွဲ မေး၊ ဖြေ ကျင်းပပုံတို့ကို သရုပ်ဖော်ထားပါသည်။

ဤကဗျာ၌ နယုန်လ၏ ရာသီသဘာဝတို့မှ ကြယ်၊ နက္ခတ်၊ ရာသီ၊ ရာသီပန်း၊ ရာသီပွဲ၊ နေ့နှင့်ည အချိန်၊ ဘုရင်၏လုပ်ဆောင်ချက်၊ နာရီမောင်းသံ၊ ပဟိုရ်စည်သံတို့ကို ထည့်သွင်းဖွဲ့သီထားသည်။ ထို့ပြင် မိုးထစ်ချုန်းသံနှင့် မိုးတိမ်တို့၏အပေါ် အမြင်၊ အလွမ်းတို့ကို စိတ်ကူးဉာဏ် ကောင်းကောင်းဖြင့် ဖန်တီး ထားသည်ကို တွေ့ရပါသည်။

ဝါဆိုလဖွဲ့တေးထပ်၌ ဝါဆိုလသည် ပြုဗ္ဗာသဠ်နက္ခတ် မွန်းတည့်ချိန်နှင့် လပြည့်ချိန်တို့ ကြုံတွေ့သောလ၊ ဆင်တာရာ ပုံ့ပုံ့ပျူးပျူး ထွန်းလင်းသောလ၊ လူနတ်ဗြဟ္မာတို့၏ အထွတ် ဖြစ်သော

ဘုရားရှင်သည် မိဂဒါဝုန်တောဝ၌ ဓမ္မစကြာတရားဟောသော ထူးမြတ်သောလ ဖြစ်သည်။ အကျွန်းကျွန်းတို့၏အရှင်ဖြစ်သော ဇမ္ဗူဒိပ်ကျွန်းကို ပိုင်စိုးသော ဘုရင်မင်းမြတ်က ဥကင်သပလ္လင် ထက်၌ စံပယ်လျက် ရွှေခိုင်ငွေခိုင်တို့ဖြင့် ကန်တော့လက်ဆောင် ဆက်သကြသည်ကို ခံယူသောလ၊ ရွှေနန်းသူတို့၏ မြသားကဲ့သို့ ရှန်းစိုတောက်ပသော ဆံကေသထက်၌ ပန်ဆင်သော ပုန်းညက်ပန်းတို့ ဖူးပွင့်သောလဟု ဖွဲ့ဆိုထားပါသည်။ ထို့ပြင်ကရကဋ်ရာသီဖြစ်သော ဝါဆိုလတွင် နတ်ဘုရင်အသူရာမင်းနှင့် တာဝတိံသာနတ်ပြည်တွင် ပျော်မွေ့သည့် သိကြားမင်းတို့ စစ်ဖျူဟာခင်းကြ၊ တိုက်ခိုက် ကြသဖြင့် လက်နက်ချင်းထိခတ်သံများ ပြင်းထန်စွာမြည်ဟည်းနေသကဲ့သို့ မိုးထစ်ချုန်းသံများ ပြင်းထန်စွာ မြည်ဟည်းကြောင်း၊ ညဥ့်နာရီအပိုင်းအခြား ၂၄ နာရီရှိကြောင်း၊ အချိန်နာရီအလိုက် နာရီမောင်းနှင့် ပဟိုရ်စည်တို့ကို ရိုက်ဆော်ကြောင်း၊ ပဉ္စင်းခံပွဲကျင်းပကြောင်း ဖွဲ့သီထားသည်ကို တွေ့ရပါသည်။

ဤကဗျာ၌ ဝါဆိုလ၏ ရာသီသဘာဝများမှ ကြယ်၊ တာရာ၊ နက္ခတ်၊ ရာသီ၊ ရာသီပွဲ၊ နေ့နှင့်ညအချိန်၊ ဘုရားရှင်၏ လုပ်ဆောင်ချက်၊ ဘုရင်၏လုပ်ဆောင်ချက်၊ နာရီမောင်းသံ၊ ပဟိုရ်စည်သံတို့ကို ထည့်သွင်းဖွဲ့ဆိုထား သည်။ ထို့ပြင် ရာသီပန်းနှင့် မိုးထစ်ချုန်းသံ ဖန်တီးမှုသည် စာဆို၏ စိတ်ကူးဉာဏ်ဆန်းကြယ်မှုကို အထင်းသား ပေါ်လွင်ပါသည်။

ဝါခေါင်လဖွဲ့၌ မိုးထစ်ချုန်းသံ မိုးရွာသံတို့သည် ခပ်သိမ်းသော မုရိုးစည်သံ၊ ထက်စည်သံတို့က ဖက်ပြိုင်၍ မရအောင် အသံသာကြောင်း၊ ထိုမိုးသံတို့သည် ကဏ္ဍစည်၊ တံမြှာနှင့် လမ္ဘရာစည်တို့ တီးမှုတ် ဆော်ကျူးသံကဲ့သို့ အသံသာကြောင်း ဖွဲ့ထားပါသည်။ သိဟ်ရာသီတွင် သရဝဏ်နက္ခတ်သည် ထက်အာကာဗဟို၌ လမင်းနှင့်ယှဉ်၍ ထွန်းလင်းကြောင်း၊ ယုယညင်သာသောလေများ ဆော်သွေးပြီး မြေအစိုဓာတ်ကောင်းသော ဝါခေါင်လတွင် ငွေရောင်ခတ္တာပန်းများ ဖူးပွင့်ကြကြောင်း၊ ဓာတ်တော် မွေတော်တို့ကိန်းဝပ်ရာ ဂူဘုရား၏ လိုဏ်တော်ဦးမှ ရှိခိုး၍ မိမိကိုပိုင်စိုးကြီးမှူးသူအတွက် ရည်ရွယ်၍ တောင်းဆုခြွေရကြောင်း ဖွဲ့ထားပါသည်။ ထို့ပြင် စာရေးတံ အလှူတော်ပွဲကို ဆန်းကြယ်စွာကျင်းပသော မန္တလေးရွှေမြို့တော်သည် နတ်ပြည်ကဲ့သို့ တင့်တယ်သာယာကြောင်း၊ ထိုနန်းတော်၏ ရွှေသဖန်း နေရာတော်၌ ရံရွေတော်တစ်သန်းအလယ် စံမြန်းနေသော ဘုရင်မင်းမြတ်သည် ဖျော်ဖြေမှုကိုခံယူကြောင်း၊ ဖျော်ဖြေသော အတီးအမှုတ်သံတို့မှာ တင့်တယ်သာယာအေးငြိမ့်သဖြင့် နားဝင်ချိုသာကြောင်း၊ ညပဟိုရ်စည်ရွှမ်းသံ ကြားရကြောင်းတို့ကို သရုပ်ဖော်ထားပါသည်။

ဤကဗျာ၌ ဝါခေါင်လ၏ ရာသီသဘာဝများမှ ကြယ်၊ နက္ခတ်၊ ရာသီ၊ ရာသီပွဲ၊ နေ့နှင့်ည အချိန်၊ ဘုရင်၏ လုပ်ဆောင်ချက်၊ နာရီမောင်းသံ၊ ပဟိုရ်စည်သံတို့ကို ထည့်သွင်းထားပါသည်။ ထို့ပြင် ရာသီပေါ်ပန်း ပေါ်ထွက် လာသောသရုပ်၊ မိုးထစ်ချုန်းသံသရုပ်တို့ ဖန်တီးပုံသည် စာဆို၏စိတ်ကူးဉာဏ် ပေါ်လွင်သည့် ဖန်တီးမှု အတတ်ပညာဖြစ်ပါသည်။

တော်သလင်းလတွင် လပြည့်ဝန်းနှင့် ဗျိုင်းတာရာတို့သည် ကောင်းကင်ယံ၌ အခြွေအရံ ကြယ်သိန်းသန်း ဝိုင်းရံလျက်ထွန်းလင်းပါသည်။ ထန်းသီးများရင့်မှည့်ကာ ပင်ယံထက်ခိုင်ညွှာမှ ကြွေကျသည်။ ယုဂန္ဓိုရ်နန်းပြသာဒ်၏ စမုတ်ဆောင်၌ ပြုဗ္ဗာဘဒြပိုဒ်နက္ခတ်နှင့် လပြည့်ဝန်းတို့ ယှဉ်၍ထွန်းလင်းသည်။ နတ်မြစ်၏ ရေမျက်နှာပြင်သည် လှိုင်းလေကင်းစင်၍ သင်ဖြူးဖြန့်ခင်းသကဲ့သို့ ပြန့်ပြူးနေပါသည်။

ရာသီမှာကန်ရာသီ ဖြစ်ပါသည်။ ထိုရာသီ၌ မန္တလေးရွှေနန်းတော်တွင် နှစ်စဉ်ဆောင်ရွက်မြဲအတိုင်း ရွှေလောင်းလှေတော်ဖြင့် လှေပြိုင်ပွဲ ကျင်းပပျော်ပါးမြဲ ဖြစ်ပါသည်။ ထိုပြိုင်ပွဲသည် ဘုရင်မင်းမြတ်၏ ဘုန်းတန်ခိုးအာဏာစက်တို့ ဇမ္ဗူဒီပါတစ်ကျွန်းလုံးတွင်ပျံ့နှံ့ကာ ဘုန်းအာဏာစက်အောက်သို့ မင်းအပေါင်းခယောင်းလာရန် ရည်ရွယ်ကျင်းပြခြင်းဖြစ်ပါသည်။ ဤလရာသီ၏ ညဉ့်ကာလ အပိုင်းအခြား မှာ ၂၈နာရီရှိပြီး နာရီ အချိန်ပြည့်တိုင်း ပဟိုရ်စည်သံ ကြားရပါသည်။ အရှေ့အရပ်က လေများတိုက်ခတ် ပြီး ယင်းမာပန်းများရနံ့များ ကြိုင်သင်းနေသည်ဟု ဖော်ညွှန်းထားပါသည်။

ဤကဗျာ၌ တော်သလင်းလ၏ ရာသီသဘာဝများမှ ကြယ်၊ တာရာ၊ နက္ခတ်၊ ရာသီ၊ ရာသီပန်း၊ ရာသီပွဲ၊ နေ့နှင့်ညအချိန်၊ လုပ်ဆောင်ချက်၊ နာရီမောင်းသံ၊ ပဟိုရ်စည်သံတို့ကို ထည့်သွင်းဖွဲ့ဆိုပါသည်။ ဤကဗျာ၌ စန်းယှဉ်ကြယ်တာရာအဖွဲ့နှင့် ဘုရင်၏ဘုန်းတော်ဖွဲ့ ဖန်တီးမှုစိတ်ကူးဉာဏ် ကောင်းမွန်သည် ကို တွေ့ရပါသည်။

သီတင်းကျွတ်လတွင် ကောင်းကင်နန်းတော်၌ အဿဝဏီကြယ်၊ ကျီးတာရာနှင့် လပြည့်ဝန်းတို့ သည် တစ်နန်းတစ်ဆောင်စီ ပျော်ရွှင်စွာထွန်းလင်းနေကြသည်။ ကုဏ္ဍာလာအိုင်၌ ကြာမျိုးငါးပါး ဖူးပွင့်လျက်ရှိပြီး ပဒုမ္မာကြာပန်းခိုင်တို့မှာ ခွေယိမ်းပျော့ပျောင်းနေကြသည်။ ထိုလတွင် ဆဒ္ဒန်ဆင်ဖြူရှင် ဘုရင်မင်းမြတ်သည် ညီလာခံခန်းဆောင်ရှိ သီဟာသနပလ္လင်ပုံအလယ်၌ ဝံ့ကြွားစွာစံမြန်းလျက် ဇမ္ဗူဒီပါတစ်ကျွန်းလုံးရှိ မင်းအပေါင်းတို့က ဆံကေသာ ဖြေလျှော့၍ ကန်တော့ကြသည်ကို ခံယူပါသည်။ ရတနာထီးစင်းတိုင်း ကြို့ရ၊ ခယကြရသော ဘုရင်မင်းမြတ်က ဦးဆောင်၍ မီးမြင်းမိုရ်ထွန်းညှိပူဇော်ကြရာ ဆီမီးအရောင်များ တညီးညီးတထိန်ထိန် လင်းနေပါသည်။ သီတင်းကျွတ်လသည် တန်ခိုးအစုံပြတော်မူ သော မာန်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည် တရားသဘင်မှ သင်္ကဿပြည့်သို့ ပြန်ကြွလာသောလ၊ နေ့နှင့်ည အချိန်နာရီ အပိုင်းအခြား အညီအမျှရှိသောလ၊ ရာသီမှာ တူရာသီဖြစ်သည်ဟု ဖွဲ့သီထားသည်ကို တွေ့ရပါသည်။

ဤကဗျာ၌ သီတင်းကျွတ်လ၏ ရာသီသဘာဝတို့မှ ကြယ်၊ တာရာ၊ နက္ခတ်၊ ရာသီ၊ ရာသီပန်း၊ ရာသီပွဲ၊ နေ့နှင့်ညအချိန်၊ ဘုရားရှင်၏ ဆောင်ရွက်ချက်၊ ဘုရင်၏လုပ်ဆောင်ချက်၊ နာရီမောင်းသံ၊ ပဟိုရ်စည်သံတို့ကို ခံစားသိမြင်နိုင်အောင် ဖန်တီးထားပါသည်။ စန်းယှဉ် ကြယ်တာရာအဖွဲ့နှင့် ဘုရင်၏ ဘုန်းတော်ဖွဲ့ စိတ်ကူးဉာဏ် ပိုမိုကောင်းမွန်ပါသည်။

တန်ဆောင်မုန်းလသည် မြန်မာ့ဆယ့်နှစ်လတွင် အသာယာဆုံး ဖြစ်ပါသည်။ ရာသီမှာ သရဒရာသီ ဖြစ်ပါသည်။ တန်ဆောင်မုန်းလသည် ဗြိစ္ဆာရာသီဖြစ်သည်ဟု မြန်မာအဘိဓာန် ဆယ့်နှစ်ရာသီအရပ်၊ ပွဲ၊ ပန်း၊ နက္ခတ်ပြဇယား၌ ပြထားပါသည်။ စာဆိုအများစုက ဗြိစ္ဆာရာသီဟု ဖွဲ့ကြသော်လည်း ရှင်မဟာ သီလဝံသက သရဒရာသီ ဟု ဖွဲ့ဆိုခဲ့ကြောင်းကို မင်းသုဝဏ်က အာကာတခွင် မြေပြင်တဝန်း စာအုပ်၌ **"ရှင်မဟာသီလဝံသသည် သရဒကို တန်ဆောင်မုန်းလဟု ယူတော်မူသည်။ အဘိဓာန်ဟောင်းဆရာနှင့် သဘောတူသည်"** (မင်းသုဝဏ်၊ ၁၉၇၄၊ ၁၄၂) ဟု မိန့်ဆိုထားပါသည်။ ထိုလတွင် ကောင်းကင်ယံတွင် အပကငွေရောင် အတွင်းကပတ္တမြားရောင်ရှိသော ရန်ငါးပါးကုန်စင်သော ယုန်ရုပ်ထင်ဟပ်သော လပြည့်ဝန်းသည် ကြိတ္တိကာနက္ခတ်နှင့် ကျီး တာရာတို့ ခြံရံခင်းကျင်းလျက် ထွန်းလင်းပါသည်။ ထိုလတွင်

ကမ္ဘလာထည်ကဲ့သို့ နုညံ့ဝင်းပသော ကထိန်သင်္ကန်းအလှူပွဲကို စည်ကားသည့်ထက် စည်ကားအောင် ကျင်းပမြဲဖြစ်ပါသည်။ ခဝဲပန်းတို့သည် ကမ္ဘလာထည်ခင်းထားသကဲ့သို့ ဝင်းဝါနေအောင် ဝေဆာစွာပွင့်ကြသည်။ နွဲပျော်စရာ၊ စိတ်ကြည်သာစရာများပြားသော တန်ဆောင်မုန်းလတွင် ညဥ့်နာရီ အပိုင်းအခြား ၃၂နာရီရှိပြီး နာရီမောင်းသံ၊ ပဟိုရ်စည်သံတို့ မြည်ဟည်းနေပါသည်။ ဆောင်းရာသီကူးလာသဖြင့် နေမင်း၏ ရောင်ခြည်များ ထိန်ထိန်ဖြာနေသည်ဟု ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။

ဤကဗျာ၌ တန်ဆောင်မုန်းလ၏ ရာသီသဘာဝများမှ ကြယ်၊ တာရာ၊ နက္ခတ်၊ ရာသီပန်း၊ ရာသီပွဲ၊ နေ့နှင့်ညအချိန်၊ နာရီမောင်းသံ၊ ပဟိုရ်စည်သံ၊ လမင်းနှင့် နေမင်းပါအောင် ဖန်တီးထားပါသည်။ အထူးသဖြင့် လမင်းသရုပ်ဖော် စိတ်ကူးဉာဏ်မှာ ကောင်းမွန်လှသည်။

နတ်တော်လသည် မိဂသီနက္ခတ် လပြည့်ဝန်းအနီးတွင် ထွန်းလင်းသောလ၊ ဟင်္သာတာရာ ထွန်းလင်းသောလဖြစ်ပါသည်။ ထို့ပြင်ကောင်းကင်၌ ပြာမှိန်မှိန်တိမ်ဆိုင်တို့ ရစ်သန်းနေသောလ၊ နတ်နိုးသောလ၊ လေပြေလေညင်းတို့ သွင်းဖျန်းသောလဖြစ်ပါသည်။ ထိုလတွင် ကေတုမတီပြည်မှ မန်းနေပြည်တော် ဘုရင်မင်းမြတ်ထံသို့ သဇင်ပန်းများဆက်သကြသည်။ ထိုသဇင်ပန်းများကို စိန်စီထားသော နုရွလှသည့် ကလပ်တော်ပေါ်တင်၍ ဘုရင်မင်းမြတ်အား ဆင်ယင်သောကာလဖြစ်သည်။ သင်းပျံ့နေသော ဂမုန်းအနွယ်ဝင် သဇင်ပန်းသည် ပန်းအမျိုးပေါင်း တစ်သန်းခြံရံသည့် ဥသျှောင်ပန်း၊ အရှင်သခင်ပန်းဖြစ်ပြီး ရွှေနန်းတော်၌ သဇင်ပန်းရနံ့များ သင်းထုံနေကြောင်း ဖွဲ့သီးထားပါသည်။

ဤကဗျာ၌ နတ်တော်လ၏ ရာသီသဘာဝများမှ ကြယ်၊ တာရာ၊ နက္ခတ်၊ ရာသီပန်း၊ ရာသီပွဲ၊ ဘုရင်၏လုပ်ဆောင်ချက်၊ သဇင်ပန်း၏ဂုဏ်တို့ကို ခံစားသိမြင်နိုင်အောင် ဖန်တီးထားပါသည်။ ဘုရင့်ဘုန်းတော်ဖွဲ့၊ သဇင်ပန်း၏ဂုဏ်ရည်ဖွဲ့တို့တွင် စာဆို၏စိတ်ကူးဉာဏ် ကောင်းမွန်သည်ကို တွေ့မြင်ရပါသည်။

ပြာသိုလတွင် ခရီးလမ်းခက်ခဲသော ဟိမဝန္တာတော၌ အိုးဝေ၊ အိုးဝေဟု အသံထပ်ကျော့၍ တွန်ကျူးသော ဒေါင်းတွန်သံ သာသာယာယာကို ကြားရပါသည်။ မြောက်ပြန်လေသွန်းသော ပြာသိုလတွင် လစန္ဒာကို ဖုဿကြယ်ကတစ်ဖက်၊ ပုဗ္ဗန်တာရာကတစ်ဖက် ဝန်းရံ၍ထွန်းလင်းပါသည်။ မကာရရာသီတွင် အညှာစိုစို နွယ်ပန်း ခွာညိုများ ဝေဝေဆာဆာပွင့်လန်းပြီး မကရ်းပုံ ရာသီရုပ်ကြယ်အစုတို့ မြူးပျော်ပါသည်။ ထိုလရာသီတွင် ကျက်သရေရှိသော ဆင်ခင်းသဘင်ပွဲနှင့် ခပ်သိမ်းသော ပြိုင်ပွဲများခြံရံလျက် ရွှေမြင်းခင်းသဘင်ပွဲ ကျင်းပကြသည်။ ငွေနှင်းဥလေးများ ကျဆင်းပြီး လေညင်းဆော်သွင်းသော ညဥ့်အချိန်၌ ရေကင်းတော် အမှုထမ်းများက ရွှေမြို့တော် ကျုံးကို လှည့်လည်၍ စစ်ဆေးကြသည်။ ပြာသိုလသည် ညဥ့်နာရီအပိုင်းအခြား ၃၆ နာရီရှိသဖြင့် ညအချိန်ကာလ အရှည်ကြာဆုံးလ၊ ချမ်းအေးလှသောကြောင့် ရွှေနန်းတော်ကြီး၏ ရွှေဘုံခန်းဝါ၌ ကွမ်းတုံစောင်ခြုံ၍ ထွေးနေရ သောလ ဖြစ်သည်ဟု ဖွဲ့ဆိုထားပါသည်။

ဤကဗျာ၌ ပြာသိုလ၏ ရာသီသဘာဝတို့အနက် ကြယ်၊ တာရာ၊ နက္ခတ်၊ ရာသီ၊ ရာသီပန်း၊ ရာသီပွဲ၊ နေ့နှင့်ညအချိန်၊ ဘုရင်၏လုပ်ဆောင်ချက်၊ ညတာရှည်လွန်းပုံ၊ ချမ်းအေးပုံတို့ကို ခံစားသိမြင်နိုင်

အောင် ဖန်တီးထားပါသည်။ ဒေါင်းတွန်သံဖန်တီးမှုသည် စာဆို၏ စိတ်ကူးဉာဏ် ဆန်သစ်မှုကို ပြနေပါသည်။

တပို့တွဲလတွင် ယုဂန္ဓိုရ်နန်းပြသာဒ်၌ လပြည့်ဝန်းထွန်းလင်းသော အချိန်အခါသည် မည်သည့်လ၏ စံချိန်နှင့်မျှမတူအောင် ချမ်းအေးသောကြောင့် ဘုရားရှင်သော်မှ မီးအိုးကင်းဖြင့် လက်တော်ကို မီးကင်ရသည်။ တပို့တွဲလသည် ရှေးရေစက်ကြောင့် တူနှစ်ကိုယ် အတူပေါင်းဖက် နေထိုင်ခွင့်ရသည့်တိုင် ထွေး၍မနွေးနိုင်ဘဲ ချမ်းအေးလှသည်။ ကောင်းကင်ယံတွင် ပုံသဏ္ဍာန်စုံဖြင့် တန်ဆာဆင်နေသော တိမ်များသည် တသိမ့်သိမ့်တငြိမ့်ငြိမ့်ဖြင့် ရွေ့လျားနေသည်။ ထိုလတွင် ချိန်တာရာနှင့် မာဃနက္ခတ်တို့သည် ချမ်းအေးသောဥတုဆန်းစခါ၌ လမင်းနှင့်ယှဉ်တွဲ၍ ငြိမ့်ငြိမ့်သာသာ ထွန်းလင်းသည်။ ထန်းဆော်လေတိုက်ခတ်သော တပို့တွဲလတွင် လဲပွင့်ဝါဝါများ ဝေဝေဆာဆာပွင့်ကြသည်။ ယာဂု (ထမင်းနဲ)ပွဲနှင့် မီးဖုန်းပွဲဆင်နွှဲကြသည်။ မီးဖုန်းပွဲနှင့်စပ်လျဉ်း၍ မောင်ထင်က မြန်မာဆယ့်နှစ်လအကြောင်း စာအုပ်တွင် **"ရဟန်းမီးလှုံရန် ခွင့်ပြုတော် မူရုံသာမက မိမိကိုယ်တော်တိုင်လည်း မီးလှုံတော်မူလေ့ရှိသည်။ ဤသည်ကို အစွဲပြု၍ တပို့တွဲလ၌ မီးပုံးသဘင်ကို ဆင်ယင် ကျင်းပကြသည်"** (မောင်ထင်၊ ၂၀၀၅၊ ၁၀၇) ဟုဖော်ပြထားပါသည်။ ထိုလသည် ကုံရာသီဖြစ်သည်။ အသည်းဘဝင်တွင် တဆတ်ဆတ် တုန်အောင် အေးပြီး နှင်းစက်ချင်းပေါင်းစပ်ကာ စိုစွတ်နေသည်။ ပဟိုရ်စည်သံများ ကြည်လင်ပြတ်သားစွာ ကြားရသော ညဥ့်အချိန်တွင် ခန္ဓာကိုယ်မှာအေးစက်ပြီး ချမ်းအေးနေသည်ဟု သရုပ်ဖော်ထားပါသည်။

ဤကဗျာ၌ တပို့တွဲလ၏ ရာသီသဘာဝများမှ ကြယ်၊ တာရာ၊ နက္ခတ်၊ ရာသီ၊ ရာသီပန်း၊ ရာသီပွဲ၊ ဘုရားရှင်၏လုပ်ဆောင်ချက်၊ နာရီမောင်းသံ၊ ပဟိုရ်စည်သံနှင့် ချမ်းအေးလှပုံတို့ကို ခံစားသိမြင်နိုင်အောင် ဖန်တီးထားပါသည်။ ချမ်းအေးပုံကို ခံစားချက်များစွက်၍ ဖန်တီးမှုများသည် စာဆို၏စိတ်ကူးဉာဏ်ပိုင်း ဖန်တီးမှု အတတ်ပညာအားကောင်းသည်ကို ပြသနေပါသည်။

တပေါင်းလသည် စိတ်ဆန္ဒထူးထွေပွေလီသော ကိုယ်ခန္ဓာနွဲ့နှောင်းသော ကညာပျိုတို့၏ ဆံကေသာထက်၌ သန္တာရောင်နီလဲ့လဲ့အညှာတံရှိသော ရွှေအင်ကြင်းပန်းနှင့် ငွေသရဖီပန်းတို့ ပန်ဆင်ခွင့် ရသောလ ဖြစ်သည်။ မိန်ရာသီတပေါင်းလသည် အင်ကြင်းပန်း၊ သရဖီပန်းတို့၏ ရနံ့များ တာဝတိံသာ နတ်ပြည်သို့တိုင် သင်းပျံ့သောလ၊ တောမြိုင်အတွင်းရှိ သစ်ပင်များတွင် အခက်အညှာကြွေပြီး ရွက်ဝါများ အနည်းငယ်မျှ မကျန်အောင် ရှင်းသန့်သောလဖြစ်ပါသည်။ ထိုလသည် အပူအအေးမျှတသောကြောင့် ပန်းများစွာဖြင့် တန်ဆာဆင်ထားသော ပန်းမွေ့ရာပေါ်တွင် သာယာအေးချမ်းစွာ အိပ်စက်နိုင်သည်။ သဲပုံစေတီတည်၍ စိတ်ချမ်းမြေ့စွာ ပူဇော်ကန်တော့ကြသည်။ စိတ်ကြည်နူးစရာ လရာသီတို့တွင် စိတ်အကြည်နူးရဆုံးလဖြစ်ပါသည်။ ထို့ပြင် လူနတ်ဗြဟ္မာတို့၏ အဖော်မွန်ဖြစ်သော မြတ်စွာဘုရားသည် ဖမည်းတော်သုဒ္ဓေါဒနမင်းကြီး စံမြန်သည့် ကပ္ပိလဝတ်ပြည်သို့ ကြွမြန်းလဖြစ်သည်။ ယုန်ရုပ်ထင်သော လပြည့်ဝန်းနှင့် ဘရဂုဏ္ဏီ နက္ခတ်တို့ အတူယှဉ်တွဲ ထွန်းလင်းသည်ဟု ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။

ဤကဗျာ၌ တပေါင်းလ၏ ရာသီသဘာဝတို့မှ ကြယ်၊ နက္ခတ်၊ ရာသီ၊ ရာသီပန်း၊ ရာသီပွဲ၊ နေ့နှင့်ညအချိန်၊ အခြားလထက်သာလွန်ပုံ၊ ဘုရားရှင်၏ဆောင်ရွက်ချက်တို့ကို ခံစားသိမြင်အောင် ဖန်တီး

ထားပါသည်။ ရာသီပေါ်ပန်းအဖွဲ့၌ စာဆို၏စိတ်ကူးဉာဏ်နှင့် ဖန်တီးမှုစွမ်းရည် ကောင်းမွန်သည်ကို တွေ့ရပါသည်။

နိဂုံးတေးထပ်၌ ဖြစ်တည်ဆဲကမ္ဘာကြီးသည် နုစဉ်အခါမှစ၍ နတ်ဗြဟ္မာများ၏ မိန့်ဆိုသတ်မှတ်သည့်အတိုင်း ကမ္ဘာလောကတစ်ခုလုံးတွင် ဖြစ်ပေါ်ခြင်းတရားများက အဖန်ဖန်လည်ပတ်လျက် ရှိပါသည်။ ကမ္ဘာလောကကြီး၌ ခွန့်ရှည်ကြာ ဖြစ်ပေါ်လည်ပတ်နေခြင်းတို့တွင် ဆယ့်နှစ်ရာသီဖြစ်ပေါ်လည်ပတ်နေခြင်းတို့ကို စာ၌ထင်ထင်ရှားရှား ခြေခြေမြစ်မြစ်ဖွဲ့ထင်ရန် နဘောထပ်ကာရန်များဖြင့် ကဝိမော်က အဖြေညှိစုရုံးကာ နိဂုံးထိရေးခဲ့ပါသည်။ ဤဆယ့်နှစ်ရာသီ တေးထပ်သစ်များကို ကောဇာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ်၊ ကုံရာသီတပို့တွဲလ၌ လပြည့်ဝန်းနှင့် မာဃနက္ခတ်တို့ ပူးယှဉ်ထွန်းလင်းသောအေးငြိမ်းသာယာသည့်အချိန်တွင် ရေးဖွဲ့ပြီးစီးပါသည်။ ဤကဗျာတို့သည် ဘုရင်မင်းမြတ်၏ ဘုန်းတော်တန်ခိုးတော်ကြောင့် နှစ်ကာလရှည်ကြာစွာ တည်တံ့ထွန်းကားလိမ့်မည်ဟု ဖွဲ့သီထားသည်ကို တွေ့ရပါသည်။

ဤနိဂုံးဖွဲ့တွင် ဆယ့်နှစ်ရာသီဖွဲ့ ရေးဖွဲ့ရသော ရည်ရွယ်ချက်၊ ရေးဖွဲ့ပြီးသော ခုနှစ်၊ လ၊ စာဆို၏မျှော်လင့်ချက်တို့ကို ပေါ်လွင်အောင်၊ ခံစားသိမြင်နိုင်အောင်ဖန်တီးထားပါသည်။

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ တေးထပ် ၁၄ ပုဒ်အနက် တန်ခူးလဖွဲ့မှ တပေါင်းလဖွဲ့အထိ တေးထပ် ၁၂ ပုဒ်တွင် ရာသီအလိုက်ဖူးပွင့်သောပန်းများ၊ ကျင်းပမြဲရာသီပွဲတော်များ၊ စန်းယှဉ် နက္ခတ်များ၊ ဘုရင်မင်းမြတ် နှင့်တကွ နန်းတွင်းသူနန်းတွင်းသားတို့၏ ပြုမူဆောင်ရွက်ချက်များ၊ စိတ်ခံစားချက်များ၊ လရာသီအလျောက် ထင်ထင်ရှားရှား ဖြစ်ပေါ်နေသော တော တောင် ရေ မြေ တိမ် မိုး လေတို့၏အခြေအနေများပါဝင်အောင် စိတ်ကူးဉာဏ်ကွန့်မြူး၍ ဖန်တီးထားသည်ကို တွေ့ရပါသည်။ ထို့ပြင် ကဆုန်လသည် ၁၂ လတွင် သာလွန်ထူးမြတ်ဆုံးလ၊ ဝါဆိုလသည် ဘုရားရှင်ဓမ္မစကြာတရားဦးဟောသောလ၊ သီတင်းကျွတ်လသည် ဘုရားရှင်တာဝတိံသာနတ်ပြည်မှ သင်္ကာသပြည်သို့ ကြွမြန်းသောလ၊ တန်ဆောင်မုန်းလသည် ၁၂ လတွင် အသာယာဆုံးလ၊ နတ်တော်လသည် နတ်နိုးသောလ၊ တပို့တွဲလသည် ၁၂ လတွင် အအေးဆုံးလ၊ တပေါင်းလသည် ၁၂ လတွင် စိတ်အကြည်နူးရဆုံးလဟု ထူးခြားချက်များကို မြင်အောင်ကြည့်၍ ထည့်သွင်းဖွဲ့ဆိုနိုင်ခြင်းမှာ စာဆို၏ စိတ်ကူးဉာဏ်ရင့်သန်မှုပင်ဖြစ်ပါသည်။ ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့တေးထပ်တို့တွင် ရာသီအမည်များ၊ စန်းယှဉ် တာရာများ၊ နေ့နှင့်ညဉ့်၏ နာရီအပိုင်းခြားတို့ကို ၁၂ လရှိသည့်အနက် ၉ လတွင် ထည့်သွင်းဖွဲ့ဆို ထားပါသည်။ ၃ လတွင်ချန်ထားခဲ့သော အချက်အလက်တို့သည် ၉ လတွင် အပြည့်အစုံဖော်ပြ ထားသော အချက်အလက်များမှတစ်ဆင့် ကဗျာဖတ်သူများက တွက်ချက်စဉ်းစား၍ ကောက်ယူနိုင်သောကြောင့် ချန်ထား ခဲ့သည်ဟု ယူဆရပါသည်။ ထို့ကြောင့် စာဆို၏ ဆယ့်နှစ်ရာသီဖွဲ့ကဗျာများသည် အချီးတေးထပ်နှင့် နိဂုံးတေးထပ်တို့ ပါဝင်ခြင်း၊ ၃ လတွင် အချက်အလက်တစ်ချို့ ချန်ထားခြင်းတို့သည် ကဗျာ ဖတ်ရှုသူများကိုကြိုက်နှစ်သက်ရာ တစ်ပုဒ်ချင်း၊ တစ်လချင်း ရွေးချယ်ဖတ်ရှုခြင်းထက် ဆယ့်နှစ်ရာသီဖွဲ့ တေးထပ်အားလုံး ဖတ်ရှုစေချင်သည့် စာဆို၏ စိတ်ကူးဉာဏ်ကိုတွေ့ရသည်။ ထို့ကြောင့် စာဆိုဦးကြော့သည် ဆယ့်နှစ်ရာသီဖွဲ့ကဗျာများကို စိတ်ကူးဉာဏ်ပါအောင်၊ ပေါ်အောင် ဖန်တီးနိုင်စွမ်းရှိသူ ဖြစ်ပါသည်။

### ၄၊ ၂။ ဖွဲ့နွဲ့ပုံပိုင်း ဖန်တီးမှုအတတ်ပညာ

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့တေးထပ်တို့တွင် အချက်အလက်များ တိကျခိုင်မာရန်၊ တော်ဝင်နန်းထိုက်ရန်နှင့် ရသခံစားနိုင်ရန် အကြောင်းအချက်များကို စိတ်ကူးဉာဏ်နှင့် ဖန်တီးခဲ့ပါသည်။ ထိုစိတ်ကူးဉာဏ်များကို အကန့်အကွက်ပေါ်ရန်၊ တော်ဝင်နန်းထိုက်ရန်၊ ရသခံစားနိုင်ရန်ဖွဲ့နွဲ့ပုံနှင့် ပေါင်းစပ်ဖန်တီးထားပါသည်။ ဖွဲ့နွဲ့ပုံဖန်တီးမှုများမှ စကားသုံးဖန်တီးမှု၊ သရုပ်ဖော်ဖန်တီးမှု၊ အလင်္ကာဖန်တီးမှုတို့ကို တင်ပြထားပါသည်။

### ၄၊ ၂၊ ၁။ စကားသုံး ဖန်တီးမှုအတတ်ပညာ

အနက်ကိုမှန်အောင်ဖော်ပြသော သဒ္ဒါနည်း၌ စကားသုံးဖန်တီးမှုများ ပါဝင်ပါသည်။ စကားသုံးဖန်တီးမှုဆိုသည်မှာ စကားလုံးများကို မည်သို့မည်ပုံ သုံးနှုန်းသည်ကို ဆိုလိုပါသည်။ ဦးကြော့၏ဆယ့်နှစ်ရာသီဖွဲ့ တေးထပ်များမှ စကားသုံးဖန်တီးမှုအတတ်ပညာတွင် စကားအနုအလှသုံး၊ စကားအခန့်သုံး၊ ပါဠိစကားသုံး၊ စကားအလှယ်လှယ်သုံး ဖန်တီးမှုတို့ကို တွေ့ရပါသည်။ ထိုဖန်တီးမှုအတတ်ပညာများကို တင်ပြထားပါသည်။

တန်ခူးလဖွဲ့တေးထပ်တွင် နာရီမောင်းတီးရန်၊ ပဟိုရ်စည်တီးရန် ပါဒ်၊ နာရီ အချိန် ပြည့်သည်ကို "ပါဒ်နာရီ **ခွေညောင်း**" ဟုလည်းကောင်း၊ တစ်ရာသော ထီးဆောင်မင်းတို့၏အရှင် ဘုရင်မင်းမြတ်က ခံယူကျင်းပသည်ကို "**ရာမင်းခံ**" ဟုလည်းကောင်း၊ နယုန်လဖွဲ့တေးထပ်တွင် မှုန်ပြာပြာမိုးတိမ်များ၊ မိုးထစ်ချုန်းသံများကြောင့် ဇေဠကြယ်မလင်းမလက်နိုင်သည်ကို "ဇေဠပြီ **ကြယ်မပြုံးနိုင်**ဘု" ဟုလည်းကောင်း၊ ဝါဆိုလဖွဲ့တေးထပ်တွင် သိကြားမင်းကို "**ရွှေဝတိန်ပျော်**" ဟုလည်းကောင်း၊ နတ်တော်လဖွဲ့တေးထပ်တွင် ဘုန်းတန်ခိုးကြီးသော ဘုရင်မင်းမြတ်ကို "**နတ်ဘုရင်**" ဟုလည်းကောင်း၊ စကားအနုအလှများနှင့် တန်ဆာဆင်ထားသည့် စာဆို၏ ဖန်တီးမှုအတတ်ပညာကို တွေ့ရပါသည်။ ထို့ပြင် တပို့တွဲလဖွဲ့ တေးထပ်တွင် လရောင်အောက်ကလူများကို "**စန်းခိုခ** လျှံလူ"ဟုလည်းကောင်း၊ တန်ဆာဆင်ထားသကဲ့သို့ လှလှပပရှိသောတိမ်ကို "**ဆင်ရာတိမ့်**" ဟု လည်းကောင်း၊ ထိုတိမ်များသည် ရွှေ့လျားလှုပ်ရှားကာ ကောင်းကင်ယံတစ်ခုလုံးတွင် ဖြာထွက်နေပုံကို "**သိမ့်သိမ့်ဖြာ**" ဟုလည်းကောင်း၊ ထန်းတက်လုပ်ငန်း လုပ်ကိုင်သည့်လ၌ တိုက်ခတ်လာသောလေကို "**ထန်းဆော်လေ**" ဟုလည်းကောင်း၊ တပေါင်းလဖွဲ့တေးထပ်တွင် မြတ်စွာဘုရားရှင်ကို "**သုံးလူ့ဖော်**" ဟု လည်းကောင်း ဖွဲ့ဆိုထားသည့် စာဆို၏ စကားအနုအလှ ဖန်တီးမှုအတတ်ပညာကို တွေ့ရပါသည်။

စာဆို၏ ဆယ့်နှစ်ရာသီဖွဲ့ကဗျာတို့တွင် လရာသီအလိုက် လေတိုက်ခတ်ပုံကို ဖွဲ့ဆိုရာ၌ တန်ခူးလဖွဲ့တွင် "**လေဖြန့်ဆော်**"၊ ဝါခေါင်လဖွဲ့တွင် "**လေယုယု**"၊ တော်သလင်းလဖွဲ့တွင် "**လေသွင်းလာ**"၊ နတ်တော်လဖွဲ့တွင် "**ညင်းလေကဖျန်း**"၊ ပြာသိုလဖွဲ့တွင် "**လေညင်းဆော်**"၊ တပို့တွဲလဖွဲ့တွင် "**ထန်းဆော်လေ**" ဟု စကားအနုအလှများဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရပါသည်။ ဤစကားသုံးတို့သည် လေတိုက်ခတ်ဟန် အယုအရွကို ပေါ်လွင်သည့် စာဆို၏စကားအနုအလှသုံး ဖန်တီးမှုအတတ်ပညာပင် ဖြစ်ပါသည်။

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့တေးထပ်တို့တွင် ရာသီသဘာဝများကို နန်းဓလေ့များနှင့် ယှဉ်တွဲဖော်ပြထားသဖြင့် စကားအခန့်သုံးများ ပါဝင်ပါသည်။ စာဆို၏ ဝါဆိုလဖွဲ့တေးထပ်တွင် အကျွန်းကျွန်းတို့၏ အားထားရှိသေရာဖြစ်သော ဇမ္ဗူဒိပ်ကျွန်းကို ပိုင်စိုးသော အရှင်မင်းမြတ်ကို "**ကျွန်းကျွန်းနတ်သပြေပိုင်**" ဟုလည်းကောင်း၊ ဝါခေါင်လဖွဲ့တေးထပ်တွင် ပိုင်စိုးကြီးမှူးသူကို "**ပိုင်မှူး**" ဟုလည်းကောင်း၊ အခြွေအရံများစွာ၏အလယ်ကို "**ရွှေသန်းလယ်**" ဟုလည်းကောင်း၊ ယုဂန္ဓိုရ်တောင်ထိပ်ကို တော်သလင်းလဖွဲ့တေးထပ်တွင် "**နန်းယုဂန်နှ စမုခ်ညာ**"၊ တပို့တွဲလဖွဲ့တေးထပ်တွင် "**ရွှေယုဂန်နန်းညိုမြ**" ဟုလည်းကောင်း၊ တော်သလင်းလဖွဲ့တေးထပ်တွင် ဇမ္ဗူဒီပါတစ်ကျွန်းလုံးသို့ ဘုန်းအာဏာစက် ရောက်ရှိခညောင်းရန်ကို "**မီးစက်ပျံ့ သပြေညောင်း**" ဟုလည်းကောင်း စကားအခန့်တို့ကို သုံးနှုန်းဖန်တီးထားသည်ကို တွေ့ရပါသည်။ ထို့ပြင် စာဆို၏ နတ်တော်လဖွဲ့တေးထပ်တွင် သဇင်ပန်းသည် ပန်းအားလုံး၏ဘုရင်၊ ပန်းများစွာ၏ ခြံရံခိုလှုံရာ ဖြစ်ပုံကို " **ဥသျှောင်ပန်း သန်းရွှေလှုံ**" ဟုလည်းကောင်း၊ ပြာသိုလဖွဲ့တေးထပ်တွင် လပြည့်ဝန်းကို "**စန္ဒရာ မြနန်း**" ဟုလည်းကောင်း၊ ဥဒေါင်းငှက်က အိုးဝေ အိုးဝေဟုအထပ်ထပ်တွန်ကျူးသည်ကို "**ဒေါင်းဗာဟီ နဘေတွန်**" ဟုလည်းကောင်း စကားအခန့်သုံးတို့ဖြင့်ဖန်တီးပုံဖော်ထားပါသည်။ ဤစကားအခန့်သုံးတို့က အနက်အဓိပ္ပာယ်ကို လေးနက်လာရန် အားဖြည့်ပေးနိုင်သည့် စာဆို၏ ဖန်တီးမှုအတတ်ပညာ ဖြစ်ပါသည်။

မြန်မာ့ဆယ့်နှစ်ရာသီဖွဲ့ ကဗျာများတွင် ထည့်သွင်းဖော်ပြလေ့ရှိသော ရာသီအမည်၊ စန်းယှဉ်နက္ခတ်၊ တာရာအမည်၊ ရာသီရုပ်နှင့်ရာသီပွဲတော် စသည်တို့သည် ဗေဒင်နက္ခတ်ဆိုင်ရာ၊ ဗုဒ္ဓဘာသာဆိုင်ရာနှင့် နန်းဓလေ့ဆိုင်ရာ အချက်အလက်များ အတူယှဉ်တွဲ နေပါသည်။ ထိုအချက်အလက်များကို ထည့်သွင်းဖော်ပြရန်၊ ကဗျာကိုခန့်ညားရန်အတွက် သက္ကတစကားနှင့် ပါဠိစကားတို့ကို သုံးစွဲလေ့ရှိကြပါသည်။ ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့တေးထပ်တို့တွင်လည်း သက္ကတစကားနှင့် ပါဠိစကားတို့ကို ထည့်သွင်းဖန်တီးထားပါသည်။

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ကဗျာများတွင် အသုံးပြုထားသော သက္ကတစကားသုံးများကို တေးထပ်များတွင်တွေ့ရသည့် အစဉ်အတိုင်းဖော်ပြရသော် **စိတြ၊ သကြိန်၊ ပြိဿ၊ ပြုဗ္ဗာသာဠ်၊ ကရကဋ်၊ သရဝဏ်၊ ပြုဗ္ဗာဘဒြပိုဒ်၊ အဿဝဏီ၊ ကြတ္တိကာ၊ မိဂသီ၊ ဖုဿျ၊ မကာရ၊ မာဃ၊ မိန်၊ ဘရဂုဏ္ဏီ၊ ကုံ၊ သက္ကရာဇ်၊ ကောဇာ** တို့ ဖြစ်ပါသည်။ စာဆို၏ ကဗျာများတွင် အသုံးပြုထားသော ပါဠိ စကားသုံးများကို အစဉ်အတိုင်း ဖော်ပြရသော် **ပဝရာ၊ သုခ၊ အတုလ၊ ပရမေ၊ မယုရ၊ ဗန္ဓု၊ ဝိမုတ္တိ၊ ဓမ္မ၊ နိယမာ၊ အရိယာ၊ ဩဘာ၊ ရာသီ၊ ရုက္ခမူ၊ မာသ၊ ဂိမှာန်၊ မိတ္တာ၊ စန္ဒီ၊ ဒိဝါ၊ ပဟိုရ်၊ ဝိသာခါ၊ သကလ၊ မဟိဒ္ဓိန်၊ ဝိဇ္ဇဝိန်၊ ပဇ္ဇုန်၊ သေလာ၊ ရတု၊ မေထုန်၊ ဒိုဋ္ဌိ၊ နစ္စာဂီ၊ ဇေဌ၊ ဝဇီရ၊ ဆ၊ စမ္မာ၊ သုခမ္မာ၊ ပုဏ္ဏမာ၊ ကုဋ္ဌရာ၊ မိဂဒါ၊ ဓမ္မစကြာ၊ ဥကင်၊ ပလ္လင်၊ သူရာ၊ ဗျူဟာ၊ ဇယ၊ ကက္ကဋ၊ ဇာနေယျ၊ သီဟ်၊ ဓာတ်၊ သောဗီသ၊ မဂဓ၊ ဣန္ဒြီ၊ ဗက၊ အဇဋ၊ ယုဂန်၊ မန္ဒကီ၊ ဌာနီ၊ မကိုဋ်၊ စရိုက်၊ ဗသျှူ၊ ကာက၊ ပဒုမ္မာ၊ ဆဒ္ဒန်၊ သီဟ၊ ဒီပါ၊ ရတနာ၊ ယမိုက်၊ မာရဇိန်၊ တာဝတိံ၊ သရဒ၊ ရဇတ၊ ကမ္ဗလာ၊ ကထိန်၊ ရတ္တိ၊ ဟေမာန်၊ ဟံသာ၊ ယန္တာယ၊ ဝဋ္ဋာ၊ ပဏ္ဏာ၊ သိင်္ဂီ၊ ဂန္ဓမာ၊ ဗာဟီ၊ ဟေမဝန်၊ ကန္တာ၊ ကက္ကဋ္ဋာ၊ ဂဇာ၊ သိန်၊ သယမ္ဘူ၊ တိထိ၊ သသီရ၊ နဂိုရ်၊ ကညာ၊ ကေသီ၊ သမယ၊ ထေရ်၊ ဝိဝဋ္ဋ္ဋာ၊ ကမ္ဘာ၊ ပြဟ္မာ၊ သမုတ်၊ သမုဒ္ဒာန်၊ လောကဓာတ်၊ ဝေါဟာရ၊ ဒွါဒသင်၊ ကဝိ** စသည်တို့ ဖြစ်ပါသည်။ သက္ကတစကားသုံး အလုံး (၂၀)ခန့်နှင့် ပါဠိစကားသုံး အလုံး (၁၀၀)ကျော်သုံး၍ ဖန်တီးထား

သည်။ ဦးကြော့ အသုံးပြုခဲ့သော သက္ကတစကားလုံး အားလုံးနီးပါးသည် ဤကဗျာတို့တွင် အသုံးပြုမှုရနိုင်သော စကားလုံးများဖြစ်ပါသည်။ သို့သော် ပါဠိစကားလုံး တစ်ဝက်ကျော်ကိုမူ မြန်မာစကားစစ်စစ်နှင့် အသုံးပြု၍ရနိုင်သော်လည်း ကဗျာများခန့်ညားရန်အတွက် ပါဠိစကားသုံးတို့ကို တမင်ရွေးချယ် ဖန်တီးထားခြင်းဖြစ်သည်ဟု ယူဆပါသည်။

ဦးကြော့သည် စကားကြွယ်သူဖြစ်သည့်အတွက် အနက်တူစကားလုံးများကို စကားအသွယ်သွယ်ဖြင့် အလှယ်လှယ် သုံးထားပါသည်။ လပြည့်ဝန်းကို တန်ခူးလဖွဲ့တွင် "**လမင်း**"၊ "**စန္ဒီ**"၊ ကဆုန်လဖွဲ့တွင် "**ဖိုးရွှေလ**"၊ နယုန်လဖွဲ့တွင် "**ငွေပုံစက်**"၊ "**ယုန်ရထား**"၊ ဝါဆိုလဖွဲ့တွင် "**ပုဏ္ဏမာ**"၊ တော်သလင်းလဖွဲ့တွင် "**ဣန္ဒု**"၊ သီတင်းကျွတ်လဖွဲ့တွင် "**စန်းဖြူ**"၊ တန်ဆောင်မုန်းလဖွဲ့တွင် "**ရဇတ**"၊ "**ယုန်ရေး**"၊ နတ်တော်လဖွဲ့တွင် "**စန္ဒာ**"၊ ပြာသိုလဖွဲ့တွင် "**စန္ဒရာ**"၊ တပို့တွဲလဖွဲ့တွင် "**စန်း**"၊ တပေါင်းလဖွဲ့တွင် "**ယုန်စန်း**" ဟု စကားအလှယ်လှယ်ဖြင့် ဖန်တီးထားပါသည်။ ထို့ပြင် ဘုရင်မင်းမြတ်ကို တန်ခူးလဖွဲ့တွင် "**ရာမင်း**"၊ နယုန်လဖွဲ့တွင် "**တမွတ်စံ**"၊ ဝါဆိုလဖွဲ့တွင် "**ကျွန်းကျွန်းနတ် သပြေပိုင်**"၊ ဝါခေါင်လဖွဲ့တွင် "**ဗွေသဖန်းရွှေသန်းလယ်**"၊ သီတင်းကျွတ်လဖွဲ့တွင် "**ဆဒ္ဒန်ပိုင်**"၊ နတ်တော်လဖွဲ့တွင် "**ဗွေမန်းကြော့ ဥကင်**"၊ "**နတ်ဘုရင်**" ဟု စကားမထပ်၊ ဘုရင့်ဂုဏ် ထူးမြတ်မှု ထင်ရှားရန် အလှယ်လှယ် ဖန်တီးထား သည်ကို တွေ့ရသည်။ ဦးကြော့က မြတ်စွာဘုရားကို ဝါဆိုလဖွဲ့တွင် "**ထွတ်သုံးလူ့**"၊ ဝါခေါင်လဖွဲ့တွင် "**မွေမြတ်စွာ**"၊ သီတင်းကျွတ်လဖွဲ့တွင် "**မာရဇိန်**"၊ တပို့တွဲလဖွဲ့တွင် "**သဃမ္ဘူ**"၊ တပေါင်းလဖွဲ့တွင် "**သုံးလူ့ဖော်**"ဟု စကားအလှယ်လှယ်ဖြင့် ဂုဏ်အသွယ်သွယ်ပေါ်အောင် ဖန်တီးထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဦးကြော့သည် စကားပရိယာယ်ကြွယ်ဝသော စာဆို၊ ဖန်တီးမှုအားကောင်းသော စာဆိုတစ်ဦး ဖြစ်ပါသည်။

### ၄၊ ၂၊ ၂။ သရုပ်ဖော်အဖွဲ့ ဖန်တီးမှုအတတ်ပညာ

သရုပ်ဖော်အဖွဲ့သည် မျက်စိဖြင့်မြင်နိုင်သော ရုပ်အဆင်းသွင်ပြင်များကို အဓိကထား၍ ဖွဲ့သော အဖွဲ့မျိုးဖြစ်ပါသည်။ သရုပ်ဖော်အဖွဲ့ကို မောင်ခင်မင်(ဓနုဖြူ)၏ စကားပြေသဘောတရား စကားပြေ အတတ်ပညာစာအုပ်၌ **"သရုပ်ဖော်အဖွဲ့တွင် ရုပ်ဆင်းသွင်ပြင်သာမက အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ ဟူသော အာရုံကို လည်း ထည့်သွင်းရေးဖွဲ့ခြင်းမျိုး ရှိတတ်ပါသည်။"** (မောင်ခင်မင်၊ ၂၀၁၇၊ ၁၈၈) ဟု ဖော်ပြထားပါသည်။ ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့တေးထပ်တို့မှ ရုပ်ဆင်းသွင်ပြင်၊ အသံ၊ အနံ့၊ စသည်တို့ကို သရုပ်ဖော်ထားသော အဖွဲ့များကို တင်ပြထားပါသည်။

တန်ခူးလဖွဲ့တေးထပ်တွင် သူတော်ကောင်းတို့ သီတင်းသုံးသည့် တောမြိုင်အတွင်း ပိတောက်၊ ရင်ခတ်၊ ကံ့ကော်တို့ဖူးပွင့်ကာ ရနံ့သင်းပျံ့နေပုံကို ဦးကြော့က **"ရက္ခမူမြေခင်းနှင့်၊ ငွေသလင်းကျောက်ဆိုင်၊ ရွှေပယင်း တစ်ပေါက်လှိုင်မှာ၊ ပိတောက်မြိုင်ကြူစွ။ ပန်းရင်ခတ် လေဖြန့် ဆော်သည်၊ ရွှေကံ့ကော်သင်းတဲ့မာသ။"** (လှသမိန်၊ ၁၉၆၂၊ ၁၀၄) ဟု သရုပ်ဖော်ဖန်တီးထားပါသည်။ ဤတန်ခူးလဖွဲ့တွင် သူတော်ကောင်းတို့ ရက္ခမူစူတင် ဆောက်တည်ကျင့်ကြံသည့် သစ်ပင်ကြီးများရှိသော မြေနေရာ၌ ငွေရောင်သလင်းကျောက်ဆိုင်များ၊ ရွှေရောင် ပယင်းလှိုင်ဂူတို့ တည်ရှိပုံ၊ ပယင်းလှိုင်ဂူရှိ ပိတောက်ပင်တို့တွင် ပိတောက်ပန်းများ မြိုင်မြိုင်ဆိုင်ဆိုင်ပွင့်နေပြီး ပန်းရနံ့တို့မှာ အလွန်မွှေးကြူနေပုံ၊ တန်ခူးလေ

သည် အရပ်မျက်နှာအစုံမှ ဖြန့်၍တိုက်ခတ်နေပုံ၊ လေနှင့်အတူ ပါလာသော ရင်ခတ်ပန်းရနံ့နှင့် ရွှေရောင်ကံ့ကော်ပန်းတို့၏ ရနံ့တို့မှာ သင်းပျံ့ကြိုင်လှိုင်နေသော ရာသီဖြစ်ပုံတို့ကို သရုပ်ဖော်ထားပါသည်။ ဤသရုပ်ဖော်အဖွဲ့သည် သူတော်ကောင်းတို့ သီတင်းသုံးသည့် အေးချမ်းသောတောမြိုင်၏ အသွင်သဏ္ဍာန်၊ တန်ခူးလရာသီပေါ်ပန်းတို့၏ အဆင်းနှင့်ရနံ့တို့ကို အာရုံတွင်သိမြင်ခံစားနိုင်သည့် ဖန်တီးမှုအတတ်ပညာဖြစ်ပါသည်။

စာဆို၏ နယုန်လဖွဲ့တေးထပ်၌ နယုန်လတွင် မိုးထစ်ချုန်းသံများ ကြားရပုံ၊ ဇေဠုကြယ်မထွန်းလင်းနိုင်ပုံ၊ မြတ်လေးပန်း၊ စပယ်ပန်းတို့၏ ရနံ့များမွှေးပျံ့နေပုံတို့ကို **"ရွှေဥဒ္ဒုက္ကို လှစ်ခါချီသည်၊ နစ္စာဂီပတ်ကုံး။ ဇေဠုပြီ ကြယ်မပြုံးနိုင်ဘု၊ တစ်နယ်လုံးဆင်ရုံ။ မြတ်လေးဖြူ စပယ်ခြံပါလို့၊ ဆယ်ရနံ့မွှေးပျံ့ဝတ်ဆံ။"**(လှသမိန်၊ ၁၉၆၂၊ ၁၀၅)ဟု သရုပ်ဖော်ရေးဖွဲ့ထားပါသည်။ ဤသရုပ်ဖော်အဖွဲ့၌ နယုန်လ၏ ကောင်းကင်ယံတစ်ပြင်လုံးတွင် မိုးထစ်ချုန်းသံ၊ မိုးတိမ်များရွေ့လျားနေဟန်တို့သည် ထက်စည်ကို အားပါးတရတီး၍ ပျော်မြူးစွာကခုန်နေကြဟန် နှင့်တူကြောင်း၊ မိုးသားတိမ်လိပ်များကြောင့် ဇေဠုကြယ်သည် ရောင်ဝါမလင်းနိုင်ဘဲ မှေးမှိန်နေကြောင်း၊ နယ်တစ်ခွင်လုံးကို တန်ဆာဆင်ဝန်းရံနေသော ဖြူဖွေးသော မြတ်လေးပန်းနှင့် စံပယ်ပန်းတို့၏ ရနံ့များသည် အရပ်ဆယ်မျက်နှာမွှေးပျံ့နေကြောင်း သရုပ်ဖော်ထားသည်။ ဤသရုပ်ဖော်အဖွဲ့သည် နယုန်လ၏ သဘာဝ အရှိတရားများကို အာရုံ၌ မြင်သိခံစားနိုင်အောင်၊ နှစ်သက်ဖွယ်ဖြစ်အောင် တန်ဆာဆင်ထားသည့် စာဆို၏ သရုပ်ဖော်ဖန်တီးမှုအတတ်ပညာ ကျွမ်းကျင်ပုံကို တွေ့ရပါသည်။

ဝါခေါင်လဖွဲ့တေးထပ်၌ မိုးထစ်ချုန်းနေပုံ၊ ကောင်းကင်ယံတွင် သရဝဏ်နက္ခတ် ထွန်းလင်းနေပုံတို့ကို စာဆိုက **"မုရိုးစည်ထက် သကလယ်က၊ ဖက်မရ သံသာ၊ ကက္ကဋ္ဌ တံမြွာငယ်၊ လမ္ဗရာဆော်ကျူး။ ဇာနေယျ ဗွေတိမ်စွန်မှာ၊ သိဟ်သရဝဏ် မိုးစွန်ကမြူး။"** (လှသမိန်၊ ၁၉၆၂၊ ၁၀၅) ဟု သရုပ်ဖော်ဖွဲ့ဆိုထားပါသည်။ ဤအဖွဲ့တွင် ကောင်းကင်ယံ၌ မုရိုးစည်သံ၊ ထက်စည်သံ အားလုံးကဖက်ပြိုင်၍မရအောင်အသံသာသော မိုးထစ်ချုန်းသံသည် ကက္ကဋ္ဌစည်၊ တံမြွာနှင့် လမ္ဗရာစည်တို့ တီးမှုတ်သံကဲ့သို့ သာယာစွာမြည်ဟိန်းနေကြောင်း၊ သိဟ်ရာသီတွင် ကွန်ချာနည်းတူ အုပ်မိုးနေသော မိုးကောင်းကင်ထိပ်ဖျား၌ သရဝဏ်နက္ခတ်ထွန်းလင်းနေကြောင်း ပေါ်လွင်အောင် သရုပ်ဖော်ဖန်တီးနိုင်သည်ကို တွေ့ရပါသည်။

သီတင်းကျွတ်လဖွဲ့တေးထပ်တွင် သီတင်းကျွတ်လ၌ ဘုရင်မင်းမြတ်အား ဇမ္ဗူဒီပါ တစ်ကျွန်းလုံးရှိ မင်းအပေါင်းတို့က ကန်တော့လက်ဆောင်ဆက်ကြရပုံ၊ မီးမြင်းမိုရ် ထွန်းညှိပူဇော်ကြသဖြင့် ဆီမီးရောင်ထိန်ထိန်ညီးနေပုံကို စာဆိုက **"ဆဒ္ဒန်ပိုင့် ညီလာခံသည်၊ သီဟာပျံ ဗွေမော့။ ဒီပါလျှံ ကေလျှော့လို့၊ ရွှေကန်တော့ ခံချိန်။ ရတနာထီးစင်းကြို့၊ မီးမြင်းမိုရ့် ညီးပျို့ထိန်ထိန်။"** (လှသမိန်၊ ၁၉၆၂၊ ၁၀၆) ဟု သရုပ်ဖော်ထားပါသည်။ ဤအဖွဲ့၌ သီတင်းကျွတ်လသည် ဆဒ္ဒန်ဆင်ဖြူရှင် ဘုရင်မင်းမြတ်က ညီလာခံခန်းဆောင်ရှိ သီဟာသနပလ္လင်ပျံအထက်၌ စံမြန်းလျက် ဇမ္ဗူဒီပါတစ်ကျွန်းလုံးရှိ မင်းအပေါင်းတို့က ဆံကေသဖြေလျှော့၍ ကန်တော့လက်ဆောင် ဆက်ကြသည်ကိုခံယူသောပုံ၊ ရတနာထီးဆောင်းမင်းအားလုံး ကြို့ရ၊ ခယရသော ဆင်ဖြူရှင် ဘုရင်မင်းမြတ်က ဦးဆောင်လျက် မီးမြင်းမိုရ်ထွန်းညှိပူဇော်သဖြင့် ဆီမီးအရောင်များ တညီးညီးတထိန်ထိန် ထွန်းလင်းပုံတို့ကို သရုပ်ဖော်ထားပါသည်။

ဤသရုပ်ဖော် ဖန်တီးမှုသည် ဆင်ဖြူရှင် ဘုရင်မင်းမြတ်၏ ဘုန်းတော် ကြီးမားပုံကိုလည်းကောင်း၊ သီတင်းကျွတ်လ မီးမြင်းမိုရ်ပွဲတွင် ဆီမီးရောင်များ လင်းထိန်နေပုံကိုလည်းကောင်း သိမြင်ခံစားရပါသည်။

ဦးကြော့၏ တပေါင်းလဖွဲ့တေးထပ်၌ သစ်ပင်များပြားစွာ ပေါက်နေသော တောအတွင်းရှိ သစ်ပင်များတွင် ရွက်ဝါများ၊ ရွက်ညှာများ မကျန်အောင်ရှင်းနေပုံ၊ ပန်းမွှေ့ရာစက်ရာနန်းတွင် ကြည်သာစွာအိပ်စက်နိုင်ပုံ၊ သဲပုံ စေတီတည်၍ စိတ်ကြည်လင်စွာ ပူဇော်နိုင်ပုံတို့ကို **"စုံရဂုံ့ ခက်ညှာကြွေသည်၊ ရွက်ဝါလေ သန့်ရှင်း။ စက်ရာဖွေ ညှံ့ညင်းမှာ၊ ပန်းခပင်း သော်မော်။ သဲ့စေတီ တည်သမယပေမို့၊ ကြည်သမျှ သည်လမို့နော်။"**(လှသမိန်၊ ၁၉၆၂၊ ၁၀၇) ဟုဖွဲ့သီထားပါသည်။ ဤအဖွဲ့၌ တောမြိုင်အတွင်းရှိ သစ်ပင်များတွင် အခက်အညှာများပါ ကြွေနေပြီး ဖြစ်သောကြောင့် ပင်ယံထက်တွင် ရွက်ဝါများမရှိအောင် ရှင်းသန့်နေကြောင်း၊ တပေါင်းလသည် ဆောင်းအကုန် နွေအကူးလဖြစ်သောကြောင့် အပူအအေးမျှတကာ ပန်းပေါင်းစုံဖြင့် တန်ဆာဆင်ထားသော နုညံ့သည့်ပန်းမွှေ့ရာ ထက်တွင် ကိုယ်စိတ်သက်သာ ကြည်လင်စွာ အိပ်စက်နိုင်ကြောင်း၊ ရာသီဥတုသာယာသော တပေါင်းလအချိန်အခါတွင် သန့်ရှင်း ကျယ်ပြောသည့် သဲသောင်ပြင်၌ သဲပုံစေတီတည်၍ ပူဇော်ကန်တော့ရသည်မှာ စိတ်ကြည်လင် ရသောကြောင့် ကိုယ်စိတ်အကြည်သာရဆုံးလဖြစ်ကြောင်း သရုပ်ဖော်ဖွဲ့ဆိုထားပါသည်။ စာဆို၏ တပေါင်းလသရုပ်ဖော်အဖွဲ့သည် မျက်စိအမြင် ကိုယ်အတွေ့ကိုသာမက စိတ်ခံစားချက်ကိုပါ ပေါ်လွင် အောင် ဖွဲ့ဆိုဖန်တီးနိုင်ပါသည်။ ထို့ကြောင့် ဦးကြော့သည် သရုပ်ဖော်အဖွဲ့ ဖန်တီးမှုအတတ်ပညာ ပိုင်နိုင်သောစာဆို ဖြစ်ပါသည်။

## ၄၊ ၂၊ ၃။ အလင်္ကာ အဆင်တန်ဆာအဖွဲ့

အလင်္ကာသည် အလင်္ကာရဟူသော ပါဠိစကားကို မြန်မာမှုပြုထားခြင်း ဖြစ်ပါသည်။ **"တန်ဆာ၊ ဝတ်စား တန်ဆာ၊ ဆင်ယင်အပ်သောတန်ဆာ"** (ဟုတ်စိန်၊ ၁၉၉၉၊ ၁၂၈)ဟု ပါဠိ မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်။ မြန်မာအဘိဓာန်တွင်မူ **"စာပေအဖွဲ့အနွဲ့ အဆင်တန်ဆာ"**(မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၄၂၂) ဟု ဖွင့်ဆိုထားပါသည်။ ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ကဗျာများတွင် အနက်ကို ဆန်းကြယ်အောင် တန်ဆာဆင်ထားသော အတ္ထာလင်္ကာရများမှ ဥပမာအလင်္ကာ၊ ရူပကအလင်္ကာနှင့် ဝဏ်ဝုတ္တိ အလင်္ကာ မြောက်သောအဖွဲ့များကို တွေ့ရပါသည်။

ဥပမာအလင်္ကာသည် မိမိဖော်ပြချင်သည့် အကြောင်းအချက်တစ်ခုခုကို အနက်ထင်ရှား ပေါ်လွင် လေးနက်လာရန် ဂုဏ်တူအကြောင်းအချက်နှင့် ခိုင်းနှိုင်းသည့်အလင်္ကာဖြစ်ပါသည်။ ထိုအလင်္ကာကို မောင်ခင်မင် (ဓနုဖြူ)၏ ရေးဟန်ပညာနိဒါန်းစာအုပ်တွင် **"အကြောင်းတစ်ခုကို အခြားအကြောင်း တစ်ခုနှင့် ခိုင်းနှိုင်းခြင်းသည် ဥပမာအလင်္ကာ၏ အခြေခံသဘောဖြစ်သည်"** (မောင်ခင်မင်၊ ၂၀၁၁၊ ၁၅၂) ဟု ဖွင့်ဆိုထားပါသည်။ ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ တေးထပ်တို့တွင် ဂုဏ်တူချင်းခိုင်းနှိုင်းဖွဲ့ဆို ထားသည့် ဥပမာအလင်္ကာများကို တွေ့ရပါသည်။

စာဆို၏ ဆယ့်နှစ်ရာသီဖွဲ့တေးထပ်များမှ အချီးတေးထပ်တွင် မင်္ဂလာရှိအောင် တန်ဆာဆင်မည့် ဆယ့်နှစ်ရာသီကဗျာများသည် ပေါ်လွင်ထင်ရှားပြီး တန်ဖိုးရှိပုံကို **"လျှပ်နွယ်ကြွား ပတ္တမြားရေလို"**

(လှသမိန်၊ ၁၉၆၂၊ ၁၀၄)ဟု ခိုင်းနှိုင်းဖွဲ့ဆိုထားပါသည်။ ဤအဖွဲ့၌ စာဆို၏ ဆယ့်နှစ်ရာသီကဗျာများ ပေါ်လွင်ထင်ရှား သည့်သဘောကို လျှပ်စီးလက်သောအရောင်များ ပေါ်လွင်ထင်ရှားပုံနှင့် ခိုင်းနှိုင်းဖွဲ့ဆို ထားပါသည်။ ထို့ပြင် စာဆို၏ ဆယ့်နှစ်ရာသီကဗျာများ အရည်အသွေးကောင်းခြင်း၊ တန်ဖိုးရှိခြင်းကို ပတ္တမြား၏ အရည်ပြည့်ပြီး တန်ဖိုးကြီးပုံနှင့် ခိုင်းနှိုင်း ဖွဲ့ဆိုထားပါသည်။ စာဆို၏ ဆယ့်နှစ်ရာဖွဲ့ ကဗျာများကို လျှပ်စီးရောင်၏ပေါ်လွင်ခြင်း၊ ပတ္တမြား၏ အရည်အသွေးကောင်းခြင်း၊ တန်ဖိုးကြီးခြင်း ဟူသော ဂုဏ်ရည်တူတို့နှင့် ခိုင်းနှိုင်းသည့် ဥပမာ အလင်္ကာနှစ်ဆင့်ဖြင့် တန်ဆာဆင်ဖန်တီးထားသည်။ ထိုဖန်တီးမှုသည် စာဆို၏ဆယ့်နှစ်ရာသီဖွဲ့ ကဗျာများတန်ဖိုးကိုလည်းကောင်း၊ ဆယ့်နှစ်ရာသီဖွဲ့ကဗျာ များအပေါ် အလေးထားဖွဲ့ဆိုသည့် စာဆို၏စေတနာကိုလည်းကောင်း ထင်ရှားလာသည့် ဖန်တီးမှု အတတ်ပညာ ဖြစ်ပါသည်။

ဝါခေါင်လဖွဲ့တေးထပ်တွင် မန္တလေးရွှေနန်းတော်နှင့် မန္တလေးရွှေမြို့တော်၏ သာယာ တင့်တယ် နှစ်သက်ဖွယ်ကောင်းပုံကို **"ညာမော်မန်း နတ်နန်းပြည်နှယ်"** (လှသမိန်၊ ၁၉၆၂၊ ၁၀၅) ဟု ခိုင်းနှိုင်းဖွဲ့သီ ထားပါသည်။ မန္တလေးရွှေနန်းတော်နှင့် မန္တလေးရွှေမြို့တော်၏ သာယာတင့်တယ်ပုံ၊ စိတ်လိုတိုင်း ပြည့်စုံနိုင်၍ နှစ်သက်ဖွယ်ကောင်းပုံကို နတ်နန်း၊ နတ်ပြည်၏ သာယာတင့်တယ်ပုံ၊ စိတ်လိုတိုင်း ပြည့်စုံနိုင်၍ နှစ်သက်ဖွယ် ကောင်းပုံဟူသော ဂုဏ်တူချင်းခိုင်းနှိုင်းဖွဲ့ဆိုထားသော ဥပမာအလင်္ကာအဖွဲ့ ဖြစ်ပါသည်။ ဤအဖွဲ့ကြောင့် မန္တလေးရွှေနန်းတော်နှင့် ရွှေမြို့တော်သည် ပျော်မွေ့ဖွယ်များနှင့် ပြည့်စုံပြီး နေချင်စဖွယ် နေရာအဖြစ်ထင်ရှားလာပါသည်။ ထို့ကြောင့် စာဆိုဦးကြော့သည် ဥပမာ အလင်္ကာအဖွဲ့ ဖန်တီးမှုပိုင်နိုင်သူ ဖြစ်ပါသည်။

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့တေးထပ်များတွင် ရူပကအလင်္ကာမြောက်သော အဖွဲ့များကို တွေ့ရပါသည်။ ရူပကအလင်္ကာကို မောင်ခင်မင်(ဓနုဖြူ)၏ ရေးဟန်ပညာနိဒါန်းစာအုပ်တွင် **"အကြောင်း တစ်ခုကို အခြားအကြောင်းတစ်ခုနှင့် ထပ်တူပြုခြင်းသည် ရူပကအလင်္ကာ၏ အခြေခံသဘောဖြစ်သည်"** (မောင်ခင်မင်၊ ၂၀၁၁၊ ၁၅၇) ဟု ဖွင့်ဆိုထားပါသည်။

စာဆို၏ ရူပကအလင်္ကာမြောက်အဖွဲ့များတွင် **"ရွှေပယင်း"**၊ **"ရွှေကံ့ကော်"**၊ **"ရွှေစကား"**၊ **"ရွှေထန်းညာ"**၊ **"ရွှေယင်းမာ"**၊ **"ရွှေသိင်္ဂီအင်ကြင်း"** တို့သည် ပယင်းကျောက်၊ ကံ့ကော်ပန်း၊ စကားဝါပန်း၊ ထန်းသီးအမှည့်၏အညာ၊ ယင်းမာပန်း၊ အင်ကြင်းပန်းတို့၏ အရောင်ဝင်းဝါပြီး နှစ်သက်ဖွယ်ကောင်းပုံကို ရွှေ၏အရောင်ဝင်းဝါပြီး နှစ်သက်ဖွယ်ကောင်းပုံနှင့် ဂုဏ်ရည်တူခြင်း ထပ်တူပြုဖွဲ့ဆိုထားပါသည်။ ဤရူပကအလင်္ကာမြောက် ဖန်တီးမှုတို့က အနှိုင်းခံပယင်းကျောက်၊ ကံ့ကော်ပန်း၊ စကားဝါပန်း၊ ထန်းသီး အမှည့်၏အညာ၊ ယင်းမာပန်း၊ အင်ကြင်းပန်းတို့၏ အရောင်ဝင်းဝါစိုပြည်ခြင်း၊ နှစ်သက်ဖွယ်ကောင်းခြင်း ဂုဏ်တို့ကို ပေါ်လွင်လာပါသည်။

ထို့ပြင် ရွှေနှင့်ထပ်တူပြုထားသော ရူပကအလင်္ကာမြောက်အဖွဲ့များမှာ **"ရွှေမင်းလွင်"**၊ **"ရွှေဆံကျင်"**၊ **"ရွှေမောင်းတော်"**၊ **"ရွှေလ"**၊ **"ရွှေဒိုဏ္ဏိ"**၊ **"ရွှေဝတိန်"**၊ **"ရွှေကာက"**၊ **"ရွှေကထိန်"**၊ **"ရွှေမကရီး"**တို့ ဖြစ်ကြပါသည်။ ဤအဖွဲ့များသည် မင်လွင်မြူခိုး၊ ဆံကျင်တာရာ၊ နာရီမောင်း၊ လမင်း၊ ဒိုဏ္ဏိမ(ထက်စည်)၊ တာဝတိံသာ၊ ကာက (ကျီး)၊ ကထိန်ပွဲ၊ မကရီးအရုပ်တို့၏ နှစ်သက်မြတ်နိုးဖွယ်

ကောင်းပုံကိုပေါ်လွင်ရန် ရွှေ၏နှစ်သက်မြတ်နိုးဖွယ် ကောင်းပုံနှင့်ဂုဏ်ရည်တူခြင်း ထပ်တူပြု ဖွဲ့ဆိုထားသည့် ဖန်တီးမှုများဖြစ်ပါသည်။

စာဆို၏ ဆယ့်နှစ်ရာသီဖွဲ့ကဗျာများတွင် ရွှေ၏ဂုဏ်နှင့် ထပ်တူပြုဖွဲ့ဆိုသကဲ့သို့ ငွေ၏ ဂုဏ်နှင့် ထပ်တူပြုထားသော ရူပကအလင်္ကာမြောက်အဖွဲ့များကို တွေ့ရပါသည်။ ငွေ၏ဂုဏ်နှင့် ထပ်တူပြုထားသော ရူပကအလင်္ကာမြောက်အဖွဲ့များမှာ **"ငွေသလင်း"**၊ **"ငွေပုံစက်"**၊ **"ငွေခတ္တာခိုင်ဖူး"**၊ **"ငွေတာရ"**၊ **"ငွေနှင်းဥ"**တို့ ဖြစ်ကြပါသည်။ ဤအဖွဲ့တွင် သလင်းကျောက်၊ ပုံစက်(လမင်း)၊ ခတ္တာပန်း၊ တာရာ၊ နှင်းဥတို့၏ အရောင်ဖြူဝင်းခြင်း၊ နှစ်သက်ဖွယ်ဖြစ်ခြင်းဂုဏ်ကို ငွေ၏အရောင်ဖြူဝင်းခြင်း၊ နှစ်သက်ဖွယ်ဖြစ်ခြင်းဂုဏ်နှင့် ထပ်တူပြုထားပါသည်။ ထို့ကြောင့် သလင်း ကျောက်၊ လမင်း၊ ခတ္တာပန်း၊ တာရာ၊ နှင်းဥတို့၏ အရောင်ဖြူဝင်းခြင်း၊ နှစ်သက်ဖွယ်ဖြစ်ခြင်း ဟူသော ဂုဏ်အရည်အသွေးတို့မှာ ထင်ရှားလေးနက်လာပါသည်။

ဦးကြော့၏ ရူပကအလင်္ကာမြောက်အဖွဲ့များတွင် ရွှေ၏အရောင်ဝင်းဝါသောဂုဏ်၊ ရွှေ၏နှစ်သက်ဖွယ်ကောင်းပြီး တန်ဖိုးရှိသောဂုဏ်၊ ငွေ၏အရောင်ဖြူဝင်းပြီး နှစ်သက်ဖွယ်ကောင်းသောဂုဏ်တို့နှင့် ထပ်တူပြုဖွဲ့ဆို ဖန်တီးထားသည့်အတွက် အနှိုင်းခံဝတ္ထုတို့၏ အနက်ဓိပ္ပာယ်မှာပေါ်လွင်ဆန်းကြယ်လာပါသည်။ ထို့ပြင်အနှိုင်းခံဝတ္ထုတို့၏တန်ဖိုးမှာ မြင့်တက်လာပြီး နှစ်သက်ဖွယ်များအဖြစ် ခံစားသိမြင်လာပါသည်။ ထိုရူပက အလင်္ကာမြောက်အဖွဲ့တို့သည် စာဆို၏ တော်ဝင်နန်းထိုက်အောင် တန်ဆာဆင်ဖန်တီးမှုနှင့် လိုက်ဖက်ပါသည်။

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့တေးထပ်များတွင် ဝက်ဝုတ္တိအလင်္ကာမြောက်အဖွဲ့များကို တွေ့ရပါသည်။ ဝက်ဝုတ္တိအလင်္ကာကို ဦးကျော်ဝင်း၏ အလင်္ကာဗျူဟာစာအုပ်တွင် **"အလိုရှိအပ်သောအနက်ပေါ်လွင်စေရန် တိုက်ရိုက်(မုချ)နည်းဖြင့် ဖော်ပြခြင်းမပြုဘဲ သွယ်ဝိုက်သော နည်းဖြင့် ဖွဲ့ဆိုခြင်းကို ဝက်ဝုတ္တိအလင်္ကာဟု ခေါ်ပါသည်။"** (ကျော်ဝင်း၊ ၁၉၆၈၊ ၂၄၇) ဟု ဖွင့်ဆိုထားပါသည်။

စာဆို၏ နယုန်လဖွဲ့တေးထပ်၌ နယုန်လသည် မိုးထစ်ချုန်းခြင်း၊ မိုးတိမ်များ ရွေ့လျားနေခြင်းတို့ကြောင့် လမင်းနှင့်ယှဉ်၍ ထွန်းလင်းသော ဇေဌကြယ်မှာ ရောင်ဝါထွန်းလင်းနိုင်ခြင်း မရှိပုံကို **"ဇေဌပြီ ကြယ်မပြုံး နိုင်ဘု"**(လှသမိန်၊ ၁၉၆၂၊ ၁၀၅) ဟု သွယ်ဝိုက်ရေးဖွဲ့ထားပါသည်။ ဤသွယ်ဝိုက်အဖွဲ့တွင် ဇေဌကြယ်၏ ရောင်ဝါမထွန်းလင်းနိုင်ပုံကို သိမြင်ရသည်သာမက ဇေဌကြယ်၏ စိတ်မချမ်းမြေ့ဖွယ် ခံစားချက်ကိုပါ အသက်ဝင် အောင်ဖွဲ့ဆိုနိုင်သည့် ဖန်တီးမှုအတတ်ပညာကို တွေ့ရပါသည်။

စာဆို၏ ဝါဆိုလဖွဲ့တေးထပ်၌ သိကြားမင်းဟု တိုက်ရိုက်မဖွဲ့ဘဲ **"ရွှေဝတိန်ပျော်"** (လှသမိန်၊ ၁၉၆၂၊ ၁၀၅)ဟု သွယ်ဝိုက်ဖွဲ့သီထားသည်ကို တွေ့ရပါသည်။ ဤဝက်ဝုတ္တိအလင်္ကာအဖွဲ့တွင် သိကြားမင်းဟူသော အနက်အဓိပ္ပာယ်ကို သိမြင်ရရုံသာမက သိကြားမင်းစံမြန်းရာ တာဝတိံသာနတ်ပြည်၏ နှစ်သက်ဖွယ်ကောင်းမှု၊ သိကြားမင်းသည် တာဝတိံသာနတ်ပြည်တွင် ပျော်ပျော်ရွှင်ရွှင် စံစားနိုင်မှုတို့ကိုပါ ပေါ်လွင်ပါသည်။ ထို့ကြောင့် ဦးကြော့သည် အလင်္ကာဖန်တီးမှုအတတ်ပညာ ကျွမ်းကျင်သူဖြစ်ပါသည်။

## သုံးသပ်ချက်

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့တေးထပ်များမှ စာဆို၏ဖန်တီးမှုအတတ်ပညာ စာတမ်းတွင် ဦးကြော့၏ စိတ်ကူးဉာဏ်ပိုင်း ဖန်တီးမှုအတတ်ပညာနှင့် ဖွဲ့နွဲ့ပုံပိုင်း ဖန်တီးမှုအတတ်ပညာတို့ကို လေ့လာဖော်ထုတ်ရာ၌ စာဆို၏အကြောင်း၊ ဆယ့်နှစ်ရာသီဖွဲ့၏ သဘောသဘာဝနှင့်တကွ ဖော်ထုတ်ခဲ့ပါသည်။ ဖော်ထုတ်ချက်အရ ဦးကြော့သည် တေးကဗျာများကို စိတ်ဝင်စားနှစ်ခြိုက်သူပီပီ မင်းတုန်းမင်းထံ ဖတ်ကြားလျှောက်ထားရန် တော်ဝင်နန်းထိုက်သည့် ဆယ့်နှစ်ရာသီဖွဲ့ကဗျာကို စိတ်တိုင်းကျဖန်တီးခဲ့သည်ကို တွေ့ရပါသည်။ ထိုကဗျာများကို ဖန်တီးရာတွင် တော်ဝင်နန်းထိုက်ရန် ဘုရင်မင်းမြတ်နှစ်ခြိုက်ရန် ဆယ့်နှစ်ရာသီဖွဲ့ကဗျာပီသရန် ကြိုးစားခဲ့သည်ကို တွေ့ရပါသည်။

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့ကဗျာများတွင် လရာသီတစ်ခုစီ၌ ကြယ်၊ တာရာ၊ နက္ခတ်၊ ရာသီ၊ ရာသီပန်း၊ ရာသီပွဲတော်၊ နေ့ ညအချိန်အပိုင်းအခြား၊ ဘုရင့်ဘုန်းတော်၊ တော တောင် ရေ မြေ တိမ် မိုး လေတို့၏သဘာဝ၊ လရာသီ၏ထူးခြားချက်တို့ကို ပေါ်အောင်ဖန်တီးနိုင်သည်ကို တွေ့ရသည်။ အထူးသဖြင့် ဘုရင့်ဘုန်တော်ဖွဲ့၊ နာရီမောင်းသံ၊ ပဟိုရ်စည်သံ၊ နန်းတွင်းကအလွမ်း၊ ရာသီပန်းဖွဲ့၊ မိုးတိမ်အဆင်း၊ မိုးထစ်ချုန်းသံတို့အပေါ်တွင် စိတ်ကူးဉာဏ် ကွန့်မြူးချက်တို့မှာ စွဲမက်ဖွယ်ဖြစ်ပါသည်။

ဦးကြော့၏ ဖွဲ့နွဲ့ပုံပိုင်း ဖန်တီးမှုတွင် ရှေးစာဆိုများ၏ ဆယ့်နှစ်ရာသီကဗျာများနှင့် ပျို့လင်္ကာတို့မှ စိတ်ကြိုက်စကားများကို ရွေးချယ်လျက် စကားအနုအလှဖြစ်အောင်၊ စကားအယဉ် အခန့်ဖြစ်အောင် ဖန်တီးစီမံ နိုင်သည်ကိုတွေ့ရပါသည်။ စာဆိုသည်နန်းဆန်ရန် အလေးထားဖွဲ့ဆိုသည့်အတွက် ပါဠိစကားသုံးတို့မှာ လိုအပ်သည်ထက်များနေပါသည်။ သို့သော် ထိုခေတ်ထိုအခါက ရွှေမြို့တော်သားတို့သည် ဤစကားသုံးများ၏ အဓိပ္ပာယ်ကို အလွယ်နားလည်ပြီး နှစ်ခြိုက်ကြမည့်ဟု ခန့်မှန်းရပါသည်။

ဆယ့်နှစ်ရာသီဖွဲ့ကဗျာများသည် တူညီသော အချက်အလက်အများစုအပေါ် အခြေခံလျက် စိတ်ကူးဉာဏ်ဖြင့် ဖန်တီးကြသည့်အတွက် ကဗျာကောင်းရန် စိတ်ကူးဉာဏ်မှာ အရေးကြီးသည်။ ဦးကြော့၏ ကဗျာများတွင် ဘုရင့်ဘုန်းတော်၊ ရာသီပန်း၊ မိုးထစ်ချုန်းသံ စသည်တို့ကို သရုပ်ဖော်ရာ၌ စာဆို၏စိတ်ကူးဉာဏ် ကောင်းမွန်မှု၊ သရုပ်ဖော်ဖန်တီးမှုအတတ်ပညာ ကျွမ်းကျင်မှုတို့ကို တွေ့မြင်ရပါသည်။

စာဆိုသည် အနက်ဆန်းကြယ်အောင် ဖန်တီးရာတွင် ဂုဏ်ရည်တူချင်း ထပ်တူပြုဖွဲ့ဆိုပြသော ရူပကအလင်္ကာများကို အားပါးတရ ထည့်သွင်းဖွဲ့ဆိုထားပါသည်။ ထပ်တူပြုရာတွင် ရွှေ၏ အဆင်းအရောင်၊ ရွှေ၏နှစ်သက်ဖွယ်ရာဖြစ်ခြင်း၊ တန်ဖိုးရှိခြင်း၊ ငွေ၏အဆင်းအရောင်၊ ငွေ၏ နှစ်သက်ဖွယ်ရာဖြစ်ခြင်းတို့နှင့် ထပ်တူပြုထားသည်ကို တွေ့ရပါသည်။ ထို့ပြင်ဥပမာအလင်္ကာ၊ ဝက်ဝုတ္တိအလင်္ကာတို့ဖြင့်လည်း အနက်ဆန်းကြယ်အောင် တန်ဆာဆင် ဖန်တီးထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဦးကြော့သည် အလင်္ကာဖန်တီးမှုအတတ်ပညာ ပိုင်နိုင်သူဖြစ်ပါသည်။

အချုပ်ဆိုရသော် ဦးကြော့သည် ဆယ့်နှစ်ရာသီအချက်အလက်များစွာမှ စိတ်ကြိုက် စစ်ထုတ်၍ ဆယ့်နှစ်ရာသီဖွဲ့ကဗျာပီသအောင် တော်ဝင်နန်းထိုက်ဖြစ်အောင် နှစ်သက်ဖွယ်ဖြစ်အောင် စိတ်ကူးဉာဏ်

ထည့်ကာ ဖန်တီးနိုင်ခဲ့ပါသည်။ ထို့ကြောင့် ဦးကြော့သည် မင်းဆုချီးမြှင့် ခံထိုက်သောစာဆို၊ ဖန်တီးမှု အတတ်ပညာ စွမ်းရည်ရှိသောစာဆို ဖြစ်ပါသည်။

## နိဂုံး

ဦးကြော့၏ ဆယ့်နှစ်ရာသီဖွဲ့တေးထပ်များမှ စာဆို၏ဖန်တီးမှုအတတ်ပညာ စာတမ်းကို ပြုစုခဲ့ရသည့်အတွက် မြန်မာ့ဆယ့်နှစ်ရာသီသဘောကိုလည်းကောင်း၊ နန်းဓလေ့ကိုလည်းကောင်း၊ ဦးကြော့၏ ကဗျာဉာဏ်ရည်ကိုလည်းကောင်း အတော်အသင့်ပြည့်စုံစွာ သိရှိခွင့်ရရှိခဲ့ရပါသည်။ ယခုထက်ပိုမို သိရှိနိုင်ရန်ကျန်ရှိသေးသော ဆယ့်နှစ်ရာသီဖွဲ့စာဆိုများကို တစ်ဦးချင်းသီးသန့် ရွေးချယ်၍လည်းကောင်း၊ နှိုင်းယှဉ်၍လည်းကောင်း လေ့လာဖော်ထုတ်ရန် လိုအပ်ပါသည်။ စိတ်ဝင်စားသူများ ဆက်လက် လေ့လာရန်တိုက်တွန်းပါသည်။ ဤစာတမ်းကို စိစစ်ထောက်ခံပြီး တင်သွင်းခွင့်ပြုသော ဆရာမကြီး ဒေါက်တာခင်မြင့်စိန်၊ ပါမောက္ခ (ဌာနမှူး)၊ မြန်မာစာဌာန၊ မုံရွာတက္ကသိုလ်အား ကျေးဇူးအထူးတင်ရှိပါသည်။

## ကျမ်းကိုးစာရင်း


ကျော်ဝင်း၊ **ဦး**။ (၁၉၆၈)။ ***အလင်္ကာဇျုပဟာ***။ မန္တလေးမြို့၊ ကြယ်ဟသာ်စာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်မြို့၊ စိတ်ကူးချိုချိုစာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၇)။ ***စကားပြေသဘောတရား စကားပြေအတတ်ပညာ*** (ဆဠ-ကြိမ်)။ ရန်ကုန်မြို့၊ ပန်းရွှေပြည် စာအုပ်တိုက်။

ချမ်းမြ၊ **ဦး**(တည်းဖြတ်)။ (၂၀၁၆)။ ***ဦးယာ၏ ဆယ့်နှစ်ရာသီဖွဲ့ လူးတား*** ။ ရန်ကုန်မြို့၊ စိတ်ကူးချိုချိုစာပေ။

ဇော်ဂျီ။ (၂၀၀၄)။ ***ရသစာပေအဖွင့်နှင့်နိဒါန်း*** (ဒု-ကြိမ်)။ ရန်ကုန်မြို့၊ စိတ်ကူးချိုချိုစာပေ။

ထင်၊ **မောင်**။ (၂၀၀၅)။ ***မြန်မာဆယ့်နှစ်လအကြောင်း***။ ရန်ကုန်မြို့၊ ပါရမီစာပေ။

နတ်ရှင်၊ **ဒဂုန်**။ (၂၀၁၁)။ ***စာပေဝတ်ဆံ*** (ဒု-ကြိမ်)။ ရန်ကုန်မြို့၊ စိတ်ကူးချိုချိုစာပေ။

ဘသောင်း၊ **ဗိုလ်မှူး**။ (၂၀၀၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ*** (ပဥ္စ-ကြိမ်)။ ရန်ကုန်မြို့၊ ရာပြည့်စာအုပ်တိုက်။

မင်းသုဝဏ်။ (၁၉၇၄)။ ***အာကာသတခွင် မြေပြင်တဝန်း***။ ရန်ကုန်မြို့၊ ရေချမ်းစင်စာပေ။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်*** (ဒု-ကြိမ်)။ ရန်ကုန်မြို့၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

လှသမိန်။ (၁၉၆၂)။ ***ဆယ့်နှစ်ရာသီဖွဲ့ ပေါင်းချုပ်***။ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်။

ဟုတ်စိန်၊ **ဦး**။ (၁၉၉၉)။ ***ပါဠိ-မြန်မာအဘိဓာန်*** (ဒု-ကြိမ်)။ ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာန။

**နောက်ဆက်တွဲ**

## ဦးကြော့၏ ဆယ့်နှစ်ရာသီတေးထပ်များ

### အချီးတေးထပ်

ပဝရာဘိသုခဇ၊ အတုလပရမေ၊ မယုရဗန္ဓုဆွေငယ်၊ လျှံမြုတေရောင်ဖြိုး၊ ရာ့ရှစ်ကွက် ရွှေစက်စုံကို၊ ကေရွက်ငုံဦးရှိရှိမိုး။ ဝိမုတ္တိမြတ်ဓမ္မာကို၊ နိယမာရိုးကျိုး၊ အရိယာခိုကိုးလို့၊ ဆိုရိုးရှိပဝေ၊ ရဿတီ နတ်မယ် ဖွားငယ်က၊ မြတ်လှယ်သား သနားပန်ထွေ။ လျှပ်နယ်ကြွားပတ္တမြားရေလို၊ မျက်ဝါးခြွေတင်ပြလို့၊ ဆင်သမဲ့မင်္ဂလာ၊ ကောင်းချီးသြဘာ၊ ရာသီစက် ဆယ့်နှစ်ဖြာကို၊ ဖွဲ့ကဗျာ စီကုံးအံ့လေး။

### တန်ခူးလဖွဲ့တေးထပ်

ရုက္ခမူမြေခင်းနှင့်၊ ငွေသလင်းကျောက်ဆိုင်၊ ရွှေပယင်းတပေါက်လိုဏ်မှာ၊ ပိတောက်မြိုင်ကြူစွ၊ ပန်းရင်ခတ်လေဖြန့်ဆော်သည်၊ ရွှေကံ့ကော်သင်းတဲ့မာသ။ နွေနဝင်းသူဆင်းလျှင်မူ၊ ရွှေမင်းလွင်မြူကြွ၊ ခါဂိမှာန်မိတ္တာ၊ စိတြရာသီ၊ တာရာတော် ရွှေဆံကျင့်ငယ်နှင့်၊ ရွှေရံတင့်လမင်းစန္ဒီ။ ဒိဝါရက် သုံးဆယ်စီငယ်၊ ပါဒ်နာရီခွေညောင်းလို့၊ ရွှေမောင်းတော်ပဟိုရ်သံ၊ သဲခြိမ့်ခြိမ့်ညံ၊ ရေသွန်းပွဲရာမင်းခံသည်၊ တာသကြံန် နှစ်ကူး မို့လေး။

### ကဆုန်လဖွဲ့တေးထပ်

ဝိသာခါ ထွန်းပပနှင့်၊ လွမ့်စရာ့ပြိဿာ၊ ကွန်းသကလရိပ်ကြားမှာ၊ မိတ်လျာတော်စုံဘဲ၊ ဖိုးရွှေလ တံငါ့တာ၊ သဘ္တာသာ ဗိန်းပိတ်လို့မဲ။ ရှောက်ရွာမိုး မဟိဒ္ဒိန်ငယ်၊ ဝိဇ္ဇုဝိန်လျှပ်ကြဲ၊ ဖိတ်ဖိတ်ရှိန် ထပ်ကဲလို့၊ ရပ်မစဲပဇ္ဇုန်၊ မန်းသေလာ အောင်မြေကြော့မှာလ၊ ညောင်ရေတော် ပွဲရတုကြုံ။ ရွှေစကား ခရားထုံသည်၊ စလျားလှုံ လှယ်သစ်မယ့်၊ နှစ်ဆယ့်ရှစ် ညဥ့်နာရီခေါ်၊ ငြိမ့်စည်တော်၊ ကဆုန်လ ခါမှီခေါ်သည်၊ ရာသီတော် သာဆုံးမို့လေး။

### နယုန်လဖွဲ့တေးထပ်

နွေနယုန်မေထုန်ရက်ပေမို့၊ ဖြေပုံခက်ကြုံလှာ၊ ငွေပုံစက်ယုန်ရထာမှာ၊ မှုံပြာပြာရစ်ဖုံး၊ မန်းသေလ ထင်ယောင်ယောင်ငယ်၊ ဗွေမင်းဝံ တောင်တန်းဆီကချုန်း။ ရွှေဥိုတ္တ လှစ်ခါချီသည်၊ နစ္စာဂီပတ်ကုံး၊ ဇေဠပြီ ကြယ်မပြုံးနိုင်ဘု၊ တနယ်လုံးဆင်ရုံ၊ မြတ်လေးဖြူ စပယ်ခြံပါလို့၊ ဆယ်ရန့် မွှေးပျံ့ဝတ်ဆံ။ ဆွေးခမန့် တမွတ်စံငယ်၊ ထွတ်ကဒဏ် ဝဇီရမှာလ၊ နာရီည ဆနှင့်စမ္မာ၊ နန်းကြီးဖွယ်ရာ၊ လယ်ထွန်ပြု ခုအခါဝယ်၊ သုဓမ္မာစာပွဲရှင့်လေး။

### ဝါဆိုလဖွဲ့တေးထပ်

ပြုဗ္ဗာသဠ်တည့်မွန်းနှင့်၊ လှည့်ထွန်းလှည့်ကြုံလှာ၊ ပြည့်ဝန်းသည့် ပုဏ္ဏမာငယ်၊ ကုဠရာပျံ့ပျူး၊ ထွတ်သုံးလူ့ မိဂဒါဝယ်၊ ဓမ္မစကြာ ဟောရလ-ထူး။ ကျွန်းကျွန့်နတ် သပြေပိုင်ကို၊ ရွှေငွေခိုင်စုံဦး၊ ရွှေဆိုင်ဆိုင် ငုံဖူးရ၊ ဘုံဥကင့်ပလ္လင်၊ မြသားရှည် ရုံးကေခက်မှာ၊ ပုန်းရွှေညက် ပွဲထက်တော်တင်။ ဝါဆိုလ

ကရကဋ်တွင်ဝယ်၊ နတ်ဘုရင် သူရာရာဇ်ကယ်နှင့်၊ ဗျူဟာစစ် ရွှေဝတိန်ပျော်၊ သဲခြိမ့်လို့နှော်၊ ဇယဒွေး ရိုက်ကြွေးဆော်သည်၊ ပဋ္ဌင်းတော် စာပွဲမို့လေး။

## ဝါခေါင်လဖွဲ့တေးထပ်

မုရိုးစည်ထက် သကလငယ်က၊ ဖက်မရသံသာ၊ ကက္ကဋ္ဋ တံမြွာငယ်၊ လမ္ဗရာဆော်ကျူး၊ ဇာနေယျဗွေတိမ်စွန်မှာ၊ သိဟ်သရဝဏ် မိုးစွန်ကမြူး။ လေယုယု မြေခါတ်ကာသည်၊ ငွေခတ္တာခိုင်ဖူး၊ မွေမြတ်စွာ လိုဏ်ဦးမှာ၊ ပိုင်မှူးသူ့ဆုရွှယ်၊ စာရေးတံ ခါတော်ဆန်းတွင်မှ၊ ညာမော်မန်း နတ်နန်းပြည်နှယ်၊ ဗွေသဖန်း ရွှေသန်းလယ်မှာ၊ မြန်းစံပယ် ဖျော်တော်ခချိန်မို့၊ သောဗီသ သာစွရိုက်ဖြို၊ တီးသံငြိမ့်ချို၊ မဂဓေ- ပဟာရဆိုသည်၊ ညပဟိုရ် စည်ရွှမ်းလို့လေး။

## တော်သလင်းလဖွဲ့တေးထပ်

ဣန္ဒိုဆွေ ငွေဗကနှင့်၊ ဗွေအဇ္ဇမြန်းခါ၊ ခြွေပပ ရွှေသန်းကာသည်၊ ရွှေထန်းညွှာကြွေခိုက်၊ နန်းယုဂန့် စမုခ်ညာမှာ၊ ကြယ်ပြုဗွာထွန်းတဲ့ဘဒြပိုဒ်။ သင်ဖြူးပြန့်မန္ဒာကီ၊ ကန်ရာသီအဆိုက်၊ စံဌာနီ မန်းမကိုဋ်မှာတော့၊ နန်းစရိုက်ခါတော်၊ မီးစက်ပျံ သပြေညောင်းရန်ဖို့၊ ရွှေလှေလောင်း ရေကြောင်းမှာပျော်။ သဘင်ပြု ရတုမော်ငယ်၊ ဗသျှူနှော် ကြန္ဒနှင့်၊ မှန်အပြနာရီခါ၊ လွမ်းဖွယ့်သံသာ၊ ရှေ့ကျွန်းက လေသွင်းလာသည်၊ ရွှေယင်းမာ ကြိုင်တုန်း ပလေး။

## သီတင်းကျွတ်လဖွဲ့တေးထပ်

ကြယ်အဿဝဏီ ရွှေကာကနှင့်၊ ငွေတာရစန်းဖြူ၊ ဗွေညာမြကြငှန်းငူမှာ၊ တနန်းသူပျော်ပေါ့၊ ငါးကြာနံ့ကုဏ္ဍာအိုင်မှာ၊ ဒုမ္မာခိုင် ခွေယိမ်းလို့ပျော့။ ဆဒ္ဒန်ပိုင့် ညီလာခံသည်၊ သီဟာပျံဗွေမော့၊ ဒီပါလျှံ ကေလျှော့လို့၊ ရွှေကန်တော့ခံချိန်၊ ရတနာထီးစင်းကြို့၊ မီးမြင်းမိုရ်၊ ညီးပျို့ထိန်ထိန်။ ယမိုက်စုံ မာရဇိန်ငယ်၊ တာဝတိန်သဘင်မြတ်ကယ်က၊ သင်္ကသပြည်ဌာနီ၊ မြန်းတဲ့ရာသီ၊ နေ့နှင့်ညနာရီမှာ၊ အမျှစီတူတုန်းပလေး။

## တန်ဆောင်မုန်းလဖွဲ့တေးထပ်

သဉ္ဇထက်သာ သာတဲ့လပေမို့၊ သရဒရာသီ၊ အပက ရဇတစီသည်၊ ပတ္တမြားမီအတွင်း၊ ရန်ငါးပါး ကုန်ဝေး စင်သည်၊ ယုန်ရေးပြင် ထွန်းပပလင်း။ ရွှေကြတ္တိကာကာမော်ငယ်၊ တာရာတော်ရံကျင်း၊ ကမ္ဗလာ ပျော်စံခင်းသို့၊ လျှံဝင်းပျို့ တရထည်၊ ရွှေကထိန်ခဝဲနုငယ်နှင့်၊ ပွဲတော်ပြု စည်ထက်သာစည်။ နွဲပျော်မှု ပြည်ထက်ပြည်မှာ၊ ကြည်ထက်ကြည်တုန်းဝယ်ခေတ်ပေမို့၊ သုံးဆယ်နှစ် ရတ္တိယံ၊ ချူန်းရိုက်ဆော်ညံ၊ မုန်းတန်ဆောင့် ဆောင်းဟေမာန် မှာ၊ ဒေါင်းနေဖလ် ဝင်စမို့လေး။

## နတ်တော်လဖွဲ့တေးထပ်

မိဂသီစန္ဒာခလို့၊ ဟံသာစတာရိန်၊ ယန္တာဟ ဝဠ္ဌာရှိန်ငယ်၊ ပြာမှိန်မှိန်ရစ်သန်း၊ နတ်နိုးလ သင်းခြွေသည်၊ သွင်းတဲ့လေညင်းလေကဖျန်း။ တိုင်းကေတုမဟီသာဝယ်၊ ဂဇီရာကြငှန်း၊ တညီလာ ရွှေနန်းမှာ၊ ဗွေမန်းကြော့ဥကင်၊ ဆက်ပဏ္ဏာချီမှီလှူတာမို့၊ သိင်္ဂီဥပန်းမြသဇင်။ စိန်စီနု ကလပ်တင်သည်၊

နတ်ဘုရင်ဆင်ယင်တုန်းခါမို့၊ အင်ဂမုန်း ဂန္ဓမာရုံ၊ သင်းပျံ့ဝတ်မှုံ၊ ဥသျှောင်ပန်း သန်းရွှေလှုံသည်၊ နတ်ရွှေဘုံ ထုံဆဲမို့လေး။

**ပြာသိုလဖွဲ့တေးထပ်**

ဒေါင်းဗာဟီနဘောကွန့်လို့၊ ဟေမဝန့်ကန္တာ၊ လေတသွန့် ပြန်လာသည်၊ စန္ဒရာမြနန်း၊ ကြယ်ဖုသျှ တဖက်ကာသည်၊ ကက္ကဋ္ဌာဝန်းရံလို့မြန်း။ မကာရ လ-ပြာသို၊ မြခွာညိုနွယ်ပန်း၊ ညှာစိုစိုဝေလန်းလို့၊ ရွှေမကရ်းမြူးပျော်၊ ဂဇာသိန်သဘင်ကျင်း၊ ရွှေခပင်းရွှေမြင်းခင်းတော်။ ငွေနှင်းဥ လေညင်းဆော်သည်၊ ရေကင်းတော်ကျုံးလှည့်လို့၊ သုံးဆယ့်ခြောက်နာရီလှုံ၊ နန်းကြီးရွှေဘုံ၊ ဆောင်းဟေမန့် သည်ချမ်းပုံငယ်၊ ထည်ကွမ်းတုံ ခြုံထွေးရလေး။

**တပို့တွဲလဖွဲ့တေးထပ်**

ရွှေယုဂန် နန်းညိုမြကျ၊ စန်းခိုခ လျှံလူ၊ ချမ်းဆိုမှျ စံမတူသည်၊ သယမ္ဘူသော်မှ၊ မီးမယ်ဖျူး ရွှေလက်ကင်သည်၊ ရေစက်တွင် အေးတဲ့သည်လ။ ဆင်ရာတိမ့် သိမ့်သိမ့်ဖြာသည်၊ ချိန်တာရာမာဃ၊ ငြိမ့်သာသာတိထိကြွလို့၊ သိသီရစက်ခွင်၊ ထန်းဆော်လေ လဲဝါနုငယ်နှင့်၊ ပွဲယုဂုမီးပုံးတော်တင်။ တွဲတပို့ နွဲ့လို့ဆင်သည်၊ သဲရွှေဘွင်တုန်ဆက်လို့၊ ကုံမှတ်ဖွယ် ရာသီနဂိုရ်၊ နှင်းတွဲ့တွဲ့စို၊ လင်းတဲ့ပ ညပဟိုရ်ငယ်၊ မြမြကိုယ်အေးပါပေါ့လေး။

**တပေါင်းလဖွဲ့တေးထပ်**

အညှာမှာ သန္တာလှဲ့လို့၊ ဆာတကျယ့်ပွေလီ၊ ကညာနွဲ့ကေသီမှာ၊ ရွှေသိင်္ဂီအင်ကြင်း၊ ဖီငွေဝတ် တပေါင်းမိန်တွင်၊ သောင်းဝတိန်နတ်တိုင်းကသင်း။ စုံရဂုံ့ ခက်ညှာကြွေသည်၊ ရွက်ဝါလေသန့်ရှင်း၊ စက်ရာဖွေ ညှံ့ညှင်းမှာ၊ ပန်းခပင်းသော်မော်၊ သဲ့စေတီ တည်သမယပေမို့၊ ကြည်သမျှ သည်လမို့နော်။ ထေရ်ပဝရ သုံးလူ့ဖော်ငယ်၊ ဖ-သုဒ္ဓေါ်စံမြန်းတဲ့၊ မှန်နန်းကြွ ပြည်ကပ္ပိ၊ မြန်းတဲ့ရာသီ၊ ယုန်စန်းနှင့် ဘရဂုဏ္ဏီငယ်၊ တူတညီ ယှဉ်တုန်းမို့လေး။

**နိဂုံးတေးထပ်**

ဝိဝဋ္ဋဋ္ဌာ ကမ္ဘာနုစဉ်က၊ ဗြဟ္မာစုန္နတ်သံ၊ ကြာကမု သမုတ်ပြန်ငယ်၊ သမုဋ္ဌာန်ပြုမြဲ၊ လောကဓာတ် ကွန့်ခဲ့လည်သည်၊ ခွန့်အရှည် ကိန်းနှင့်ပေဘဲ။ ဝေါဟာရ လ-ဒွါဒသင်ငယ်၊ ပဏ္ဏာတင်ဝေခွဲ၊ စာထင်ထင် အခြေကဲအောင်လို့၊ နဘောတွဲကုံးစီ၊ ကဝိမော် ဖြေညှိရုံးပါလို့၊ ရွှေနိဂုံး ရေးမှတ်ခဲ့ပြီ။ ကုံမာဃ ပုဏ္ဏမီဝယ်၊ ပြီးစုံစီ ဖွေယ်ခေတ်ပေမို့၊ လေးဆယ်နှစ် သက္ကရာဇ်ကောဇာ၊ တေးသစ်သစ်ဖြာ၊ ဘုန်းတော်ကြောင့် သည်ကဗျာသည်၊ ရှည်အကြာ တည်ထွန်းလိမ့်လေး။